# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တော်သလင်းလကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 October 2024 ၁၁၅၉၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူက အထင်ကြီးလေးစားပြီး ဂုဏ်ယူအားကိုးရသည့် စွမ်းရည်ရှိသည့် ရဲတပ်ဖွဲ့ဖြစ်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းထမ်းဆောင်

## ဂုဏ်သိက္ခာမြှင့်မားပြီး ပြည်သူက လေးစား အားကိုးရလောက်သည့် ဥပဒေဘက်တော်သားများ ဖြစ်လာစေရေး ကြိုးပမ်း

**နေပြည်တော် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ »»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ယနေ့ ဖတ်စရာ**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ


စာမျက်နှာ » ၁၁


စိန်ရတုမှာ စိန်ကောင်းတစ်ပွင့်ဖြစ်လာတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရတုအဆက်ဆက်တိုင် အောင်မြင်ပါစေ


ဆောင်းပါး စာမျက်နှာ » ၁၄



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ဒုတိယနေ့ ကောက်ယူနေပါသည်။

ကြေးမုံ

# မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေး အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၉ ရက်နေ့က မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံစဉ် "မိမိတို့အနေဖြင့် မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်စေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် သာမန်ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ အားထည့်၍ ဆောင်ရွက်သွားရန်လိုပြီး အချိန်ကို အကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ ဒေသခံများအားလုံးက အမြင်ကျယ်ကျယ်ဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်" မှာကြားခဲ့သည်။

မိတ္ထီလာခရိုင်သည် မြန်မာနိုင်ငံအလယ်ပိုင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်လမ်းဆုံတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသည့် မြို့ကြီးတစ်မြို့ဖြစ်သည်။ မိတ္ထီလာဒေသ၏ အကျယ်အဝန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ၏ အကျယ်အဝန်းမှာ ကွာဟမှုအနည်းငယ်သာ ရှိသည်။ မိတ္ထီလာဒေသတွင် လူဦးရေ ကိုးသိန်းကျော်ခန့်နေထိုင်ပြီး နေပြည်တော် ကောင်စီနယ်မြေတွင် လူဦးရေ တစ်သန်းကျော်ခန့် နေထိုင်ကြသည်။ ထို့ကြောင့် နေပြည်တော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ မိတ္ထီလာဒေသကို လည်း စံပြဒေသတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်သည်။

မိတ္ထီလာဒေသသည် တည်နေရာအနေအထားအရ သာစည်-မြင်းခြံသွား မီးရထားလမ်းပေါ်တွင် တည်ရှိသည်။ အထက်၊ အောက်မြန်မာပြည် ရန်ကုန်-နေပြည်တော်-မန္တလေး ကားလမ်းမကြီးပေါ်တွင် တည်ရှိသည့်အပြင် မြင်းခြံ-သာစည်-ရှမ်းပြည်နယ်တောင်ပိုင်း မြို့ကြီးများနှင့်လည်း ကားလမ်းဖြင့် ဆက်သွယ်လျက်ရှိသည်။ ထင်ရှားသော မိတ္ထီလာကန်တော်ကြီးသည် စိုက်ပျိုးရေးနှင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ အစိုးရအဆက်ဆက် မိတ္ထီလာ လွင်ပြင် စိမ်းလန်းစိုပြည်ရေးကို အကောင်အထည်ဖော်ခဲ့သည်။ မြို့ပြဝန်းကျင်တွင် လူမှုစီးပွားဘဝမြင့်မားပြီး ကုန်သွယ်မှုတွင် ဗဟိုအချက်အချာကျသဖြင့် ရောင်းဝယ်ဖောက်ကားမှုများဖြင့် စည်ပင်ဝပြောသော မြို့တစ်မြို့ဖြစ်သည်။

ထိုကဲ့သို့ ဗဟိုအချက်အချာကျသော ဒေသဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်လျှင်လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်မြို့တစ်မြို့ဖြစ်သည်။ ပညာရေးနှင့်ပတ်သက်၍ အခြေခံကောင်းများ ပိုင်ဆိုင်ထားသည့်မြို့ဖြစ်၍ ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးမွေးမြူရေးနှင့် စက်မှုဆိုင်ရာလူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိတ္ထီလာခရိုင် အပါအဝင် ခရိုင်များအားလုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်း ကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရေခံမြေခံကောင်းသည့် မိတ္ထီလာခရိုင်အတွင်း မိရိုးဖလာစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် ဆန်ဖူလုံမှုနည်းပါးနေသေးသည်ကို တွေ့ရသည်။ ထို့ကြောင့် တစ်ကေချင်းအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်သွားရမည်ဖြစ်သည်။ စိုက်ပျိုးသည့် သီးနှံအမျိုးအစားအလိုက် ကောက်ကွက်ပြည့်မီရေး ဆောင်ရွက်ပြီး အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမစနစ်ဖြင့် ဆောင်ရွက်ပါက ပိုမိုထိရောက်အကျိုးရှိနိုင်သဖြင့် နိုင်ငံတော်အနေဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ဒေသတွင်း မွေးမြူရေးလုပ်ငန်းများကိုပါ အောင်မြင်အောင် ဆောင်ရွက်ကြလျှင် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မိတ္ထီလာခရိုင်သည် ဝါသီးနှံ အတိုင်းအတာတစ်ခုအထိ ထွက်ရှိသည့်ဒေသဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထွက်ရှိလာသည့်ဝါဂွမ်းများမှ အဆင့်မီသည့် ချည်ထည်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်ပစ္စည်းများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်ပြည့်မီပါက ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာဒေသကို နိုင်ငံ၏ချည်နှင့် အထည်အလိပ်လုပ်ငန်းများ၌ ဦးဆောင်ဒေသတစ်ခု၊ စံပြခရိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲအနေဖြင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် စဉ်ဆက်မပြတ် ကွင်းဆင်းလမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိရာ မိတ္ထီလာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမန်အခြေအနေမျိုး သဘောမထားဘဲ စံပြဒေသတစ်ခုဖြစ်လာအောင် ဒေသတွင်းတာဝန်ထမ်းဆောင်နေကြသူများ၊ ဒေသခံပြည်သူများအားလုံးက အမြင်ကျယ်ကျယ်ဖြင့် ဝိုင်းဝန်းအားထည့် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ တတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ကာတာနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပပြုလုပ်မည့် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ တတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကာတာနိုင်ငံသို့ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

## ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၁) ရက်

၁။ မိမိတို့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီသည် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်မူကို လက်ခံထားပါသည်။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးသည်မှ ယနေ့ထိ တိုင်းပြည်တစ်ဝန်းတွင် ယမ်းငွေ့များ ဝေလျက်ရှိပါသည်။ တိုင်းပြည်ငြိမ်းချမ်းမှသာ နိုင်ငံတိုးတက်မည်ဖြစ်သောကြောင့် တိုင်းပြည်ငြိမ်းချမ်းရေးကို ရှေးရှုလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း ပြုလုပ်ခဲ့ပါသည်။

၂။ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၌ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရန် ဆောင်ရွက်နေသော်လည်း အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ အကြမ်းဖက်နည်းနှင့် ဆောင်ရွက်နေသောကြောင့် အပြစ်မဲ့ ရဟန်းများ၊ ဝန်ထမ်းများ၊ ပြည်သူများသည် အသက်ဆုံးရှုံးရပြီး နေရပ်စွန့်ခွာ တိမ်းရှောင်နေရသည်မှာလည်း ပြည်သူများ အသိပင်ဖြစ်သည်။ ဤကဲ့သို့ အကြမ်းဖက်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ရပ်များကို ပြည်သူများမှ လိုလားမည် မဟုတ်ပါ။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အစိုးရရဲ့ ကမ်းလှမ်းမှုမှာ PDF တွေ ဘာဆက်လုပ်သင့်လဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

»»» ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက် လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရ ဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ တော်လှန်ရေးကောင်စီခေတ် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် **"ပြည်သူ့ရဲတပ်ဖွဲ့"** ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ်လည်း စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့"** ဟုပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ နှစ်(၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ဒို့တာဝန် အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် အောင်မြင်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရေး တို့ကို အလေးထားဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပြည်သူနှင့်အတူလက်တွဲပြီး ဆောင်ရွက်ရန် အလေးထား မှာကြားလိုကြောင်း။

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် **ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထု လုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန် (၆)ရပ်**ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို တားဆီးနှိမ်နင်းရာတွင် သတင်းလက်ဦးမှုရယူ ဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်း ငါးနိုင်ငံနှင့်အတူ နယ်စပ်ဆက်ဆံရေးရုံးများ (Border Liaison Offices–BLOs) ကွန်ရက်စနစ်တည်ထောင်ပြီး သတင်းအချက်အလက်များကို အချိန်နဲ့တစ်ပြေးညီ အပြန်အလှန် မျှဝေဖလှယ်နိုင်ရေးအတွက် BLO အစည်းအဝေးများကိုလည်း အခါအားလျော်စွာ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံပေါင်း ၂၈ နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ၅၄၄၃၃ ဦးတို့ကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အနီးကပ် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ **စာမျက်နှာ ၄ သို့** »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ

၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး“Operation 39/24 (2024)” ကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် အမှုပေါင်း ၃၈၃၂ မှု၊ တရားခံ ၅၂၈၆ ဦး စုစုပေါင်း တန်ဖိုးငွေကျပ်ဘီလီယံ ၇၅၀ ကျော်ရှိသည့်မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

**လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့**

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုများကို ထိရောက်စွာ အရေးယူနိုင်ရန် ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ လူကုန်ကူးမှု ၂၇ မှုမှ တရားခံ ကျား ၃၀၊ မ ၆၆ ဦး စုစုပေါင်း ၉၆ ဦး အရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ကျား ငါးဦး၊ မ ၄၄ ဦး စုစုပေါင်း ၄၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ဒေသတွင်း လူကုန်ကူး မှုခင်းများနှင့် လူမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေးစီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်ဖွဲ့ဝင်များ၏တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထား အသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များကို စိစစ်ချီးမြှင့်ပေးလျက်ရှိကြောင်း၊ မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစား အသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များကို ချီးမြှင့်ခဲ့ရာတွင် ရဲသူရတံဆိပ် ၁၀ ဦး၊ ရဲဇလတံဆိပ် ၁၃၂ ဦး၊ ရဲကျော်သူ တံဆိပ် နှစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်) တစ်ဦး၊ ရဲမှုထမ်းကောင်း တံဆိပ် ၃၈၉ ဦး၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ၇၈၆ ဦး၊ မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင် တံဆိပ် ၂၇၆၅ ဦး၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ၆၇ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ် ၅၇ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ၅၆၄၂ ဦး စုစုပေါင်း ၉၈၅၁ ဦးကို ချီးမြှင့်ပေးခဲ့ကြောင်း။

ပြည်ထောင်စု တစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်မှုမရှိအောင် ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက် ထိရောက်သည့် ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ကြောင့် သစ္စာ၊ သမာဓိ၊ သတ္တိ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူက အထင်ကြီးလေးစားပြီး ဂုဏ်ယူအားကိုးရသည့် စွမ်းရည်ရှိသည့် ရဲတပ်ဖွဲ့ဖြစ်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းထမ်းဆောင်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **“မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်”** ဆိုသည့် မျှော်မှန်းချက်များနှင့် တည်ဆောက်ရာတွင် အဖွဲ့အစည်းကောင်း တစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စွမ်းရည်ပြည့်ဝရေးနှင့် တာဝန်ကျေပွန်ရေး စသည်များကို စဉ်ဆက်မပြတ် ဆက်လက်ခံယူလေ့ကျင့် ဆောင်ရွက်သွားကြရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင်လည်း ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့် ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူက လေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများ ဖြစ်လာစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး (၃) ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် လုပ်ငန်းတာဝန် (၆) ရပ်တို့ကို အောင်မြင်အောင် ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စွမ်းရည် သတ္တိဂုဏ်ထူးဆောင် တံဆိပ် ရရှိသူ တပ်ဖွဲ့ဝင် လေးဦးကိုလည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် သုံးဦးကိုလည်းကောင်း၊ ကောင်စီဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူ တပ်ဖွဲ့ဝင် နှစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ရရှိသူ တပ်ဖွဲ့ဝင် တစ်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ရုပ်လုံးရုပ်ကြွများ၊ တပ်ဖွဲ့/ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မူးယစ်ဆေးဝါး ရှာဖွေစစ်ဆေးရေးစက်များနှင့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

- **တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထား အသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ပေးလျက်ရှိ**
- **မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစား အသိအမှတ်ပြုသည်ကို ပြောကြားလို**
- **ပြည်ထောင်စုတစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်မှုမရှိအောင် ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက် ထိရောက်သည့် ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြရန်လို**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၁-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့်ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတစ်ဝန်း လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စတင်ကောက်ယူ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မိသားစုအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းဆောင်ရွက်


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ သန်းခေါင်စာရင်းမေးခွန်းများကို ပြည့်ပြည့်စုံစုံ ဖြေကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့မှစတင်၍ နိုင်ငံတစ်ဝန်း၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁၅ ရက်အထိ ၁၅ ရက်ကြာ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

**စာရင်းကောက်ယူ**

ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မိသားစု လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဦးဆောင်သည့် သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ တပ်မတော် ဧည့်ရိပ်သာသို့ လာရောက်၍ စာရင်းကောက်ယူကြသည်။

သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံ ဖြေကြားခဲ့သည်။

အလားတူ သန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း တို့ကိုလည်း ၎င်းတို့၏ နေအိမ်များသို့ သွားရောက်၍ စာရင်းကောက်ယူခဲ့ကြသည်။

**၁၀ နှစ်လျှင် တစ်ကြိမ်**

နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်း ကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ အပေါ်အခြေခံ၍ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ဖြစ်သဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင် တစ်ကြိမ် ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက် များသည် နိုင်ငံတော်အစိုးရ အပါအဝင် ဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့် သက်ဆိုင်ပြီး လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံ၊ ကဏ္ဍစုံအတွက် မဖြစ်မနေအခြေခံအသုံးပြုရသည့် အချက်အလက်များ ဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိက ကောက်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပြည်သူအားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့် အညီ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့်

**စာမျက်နှာ ၇ သို့ ✳**

- ☆ **သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် နိုင်ငံတော်အစိုးရအပါအဝင် ဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့် သက်ဆိုင်ပြီး လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံ၊ ကဏ္ဍစုံအတွက် မဖြစ်မနေအခြေခံအသုံးပြုရသည့် အချက်အလက်များဖြစ်**
- ☆ **သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကကောက်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့်လုပ်ငန်းတစ်ခုဖြစ်**


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၏မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

✳ စာမျက်နှာ ၆ မှ

လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ၁၀ နှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan– MSDP) ကို အကောင်အထည် ဖော်ရာတွင် လိုအပ်သည့် အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကောက်ယူနေခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်း ၄၁ ခုကိုသာ မေးမြန်းကောက်ယူခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းအချက်အလက်များ ပိုမိုပြီးပြည့်စုံစေရေးအတွက် မေးခွန်း ၂၇ ချက်တိုးမြှင့်၍ သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်း ၆၈ ခုကို မေးမြန်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**တိုးမြှင့်မေးမြန်းထား**

ထပ်မံ တိုးမြှင့်ကောက်ခံမည့် အချက်အလက်များမှ ထင်ရှားသောဥပမာအနေဖြင့် ပညာရေးကဏ္ဍတွင် ကျောင်းဆက်လက်မတက်ရောက်ရသည့် အဓိကအကြောင်းရင်း၊ အိမ်အကြောင်းအရာကဏ္ဍတွင် အမှိုက်စွန့်ပစ်မှုစနစ်၊ သန့်ရှင်းမှုစနစ် စသည်ဖြင့် တိုးမြှင့် မေးမြန်းထားသည်ကို တွေ့ရှိရပြီး ယင်းအချက်များမှာ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင် အစိုးရမှမည်ကဲ့သို့ဖြည့်ဆည်းပေးရမည်ကို သုံးသပ်သည့်မေးခွန်းများဖြစ်သဖြင့် လက်တွေ့အသုံးဝင်သည့် အချက်အလက်များပင်ဖြစ်ကြောင်း၊ စာရင်းကောက်ယူသူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်များသို့ လာရောက်စာရင်းကောက်ယူမည်ဖြစ်ပြီး နေအိမ်များသို့ စာရင်းလာကောက်မည့်နေ့ကို ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်း ပုံစံ (၆၆/၆)သို့မဟုတ် ပုံစံ(၁၀) ရှိခြင်း/မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိခြင်း/မရှိခြင်းနှင့် မသက်ဆိုင်ကြောင်း၊ တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် မသက်ဆိုင်ကြောင်း၊ သန်းခေါင်စာရင်း ထည့်သွင်းမကောက်ရမည့် သူများမှအပ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေသူအားလုံးကို စာရင်းကောက်ယူမည် ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းအားဖြင့် သိရှိရသော ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခွန်ကောက်ခံခြင်း၊ အရေးယူခြင်းတို့ကို လုံးဝပြုလုပ်မည် မဟုတ်ကြောင်း၊ သန်းခေါင်စာရင်း မေးခွန်းတွင် မေးမြန်းထားသော နိုင်ငံခြားသို့ ရောက်ရှိနေကြသော အိမ်ထောင်စုဝင်များ အတွက်လည်း စိုးရိမ်ရန်မလိုကြောင်းနှင့် မည်သို့မျှ အရေးယူမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ မိသားစုက သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

✳ **စာရင်းကောက်ယူသူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်များသို့ လာရောက်စာရင်းကောက်ယူမည်ဖြစ်ပြီး နေအိမ်များသို့ စာရင်းလာကောက်မည့်နေ့ကို ကြိုတင်အကြောင်းကြားမည်**

✳ **သန်းခေါင်စာရင်းကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆)သို့မဟုတ် ပုံစံ(၁၀) ရှိခြင်း/မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိခြင်း/မရှိခြင်းနှင့် မသက်ဆိုင်ကြောင်း၊ တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့်မသက်ဆိုင်ကြောင်း၊ သန်းခေါင်စာရင်းထည့်သွင်းမကောက်ရမည့် သူများမှအပ သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိနေသူအားလုံးကို စာရင်းကောက်ယူမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ မိသားစုက သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား လိုက်လံကြည့်ရှုအားပေး

**မော်လမြိုင် အောက်တိုဘာ ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စတင်ကောက်ယူနေမှုအား ယနေ့နံနက်ပိုင်းက ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကော်မတီနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက်အတွင်းရှိ သန်းခေါင်စာရင်းကောက်ကွက် ၃၅ ကွက်တို့၌ စာရင်းကောက်သူများက လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိရေးအတွက် အိမ်ထောင်စုအသီးသီးတို့၏ လူဦးရေဆိုင်ရာ အချက်အလက်များ၊ အိမ်အကြောင်းအရာများ စနစ်တကျမေးမြန်းနေမှုများကို ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က တစ်အိမ်တက်ဆင်း လိုက်လံကြည့်ရှု အားပေးကာ လိုအပ်သည်တို့ကို ပံ့ပိုးကူညီပေးကြသည်။

မော်လမြိုင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ရပ်ကွက်/ကျေးရွာတို့၌ သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း ၅၀၅ ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၁၉၉ ဦးတို့က လိုက်လံကောက်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ခင်စန်းမြင့်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ၂၀၂၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုအားပေး၊ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်



**မြစ်ကြီးနား အောက်တိုဘာ ၁**

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့တွင် ကျင်းပသော သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အခမ်းအနား၊ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့တက်ရောက်ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့ နှင့်အတူ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ အံတော်ရှင်တောင်တန်း သာသနာပြုကျောင်းတိုက်၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသည့် ဘိုး/ဘွားနှစ်ဦးစီအား ဂါရဝပြု ဂုဏ်ပြုလက်ဆောင်များနှင့် ဂုဏ်ပြုငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက အသက် ၈၀ နှင့် အထက် ဘိုး/ဘွား ၅၀ တို့ကို ဂါရဝပြုဂုဏ်ပြုလက်ဆောင်များနှင့် ငွေသားတစ်သိန်းစီကို ဂါရဝပြုပေးအပ်ကြရာ အဘိုးတစ်ဦးက ကျေးဇူးတင် ဆုတောင်းစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း အတွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်ဇော်မိုးထံမှပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြား၍ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ရဲဗလဆုရ တပ်ဖွဲ့ဝင်များနှင့် ဆုရတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဗီဒီယိုကလစ် ဖွင့်လှစ်ပြသမှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်ထံ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက နှစ်(၆၀)ပြည့် မြန်မာရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် တပ်ဖွဲ့ဝင်များ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ကင်းစင်ရေး အသိပညာပေး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စီတာပူ (နောင်ရာ) ရပ်ကွက်အတွင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၏ နေအိမ်၌ ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ စာရင်းကောက်အဖွဲ့များ၏ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို Mobile Tablet ဖြင့် မေးမြန်းကောက်ယူဖြည့်စွက်ခြင်းကိုဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၊ နယ်မြေ(၁၂)အတွင်းရှိ ရွှေးနုတ်ကယ်တင်ခြင်း အသင်းတော်ဝင်းအတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသော ပြည်သူများအား သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် အဆိုပါစခန်းအတွင်း မိသားစုများ နေထိုင်စားသောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ထိခိုက်ဒဏ်ရာရသည့် မိသားစုဝင်နှင့် မသန်စွမ်းမိသားစုဝင်များအား ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့်အဖွဲ့သည် စီတာပူရပ်ကွက်အတွင်းရှိ မြန်မာနိုင်ငံဖိလဒေလဖိ (ပင်တေကုတ္တေ) အသင်းတော်ဘုရားကျောင်းဝင်းအတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသော မိသားစုများအား သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့ဝင်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး အလှူရှင်ခုနစ်ဦးတို့၏ စုစုပေါင်း အလှူငွေကျပ် သိန်း ၂၂၀၀ လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးခရိုင်(၄)မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ စတင်ကောက်ယူ

**ပဲခူး အောက်တိုဘာ ၁**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီမှစ၍ ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့တွင် စတင်ကောက်ယူလျက်ရှိသည်။



**ပူးပေါင်းဆောင်ရွက်**

အဆိုပါ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပဲခူးခရိုင်အတွင်း ကောက်ကွက်ပေါင်း ၁၉၀၀ အား စာရင်းစစ်၊ စာရင်းကောက် ဆရာဆရာမ ၇၂၈ ဦးဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

## လမ်းမတော်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လက်တွေ့ကွင်းဆင်း ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန် တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် လမ်းမတော်မြို့နယ် အမှတ် ( ၁ )ရပ်ကွက် (၄) လမ်း တိုက်အမှတ်(၃၁၂/၃၁၈) အဆင့်မြင့် ကွန်ဒိုတွင် လက်တွေ့ကွင်းဆင်းကောက်ယူနေမှုများကို ယနေ့နံနက်ပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ကြသည်။

**အားပေးကြည့်ရှု**



လက်တွေ့ကွင်းဆင်း ကောက်ယူရာတွင် သန်းခေါင်စာရင်းကောက်များက လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရပ်ကွက်အတွင်း အိမ်ထောင်စုများ၏လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာများ မေးမြန်း ကောက်ယူနေမှုများကို ကျောက်တံတားခရိုင် ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာ၊ အဖွဲ့ဝင်(၂) ဦးစံကျော်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်နောင်ဖြူ၊ လမ်းမတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမြို့နယ်ဦးစီးမှူး ဦးထက်မောင်ဝင်း၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များက လှည့်လည်အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေး



**ပုသိမ် အောက်တိုဘာ ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ပေါ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက်တွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ ဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသား ဘာသာရပ်သင် ဆရာ ဆရာမများက သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးပြီး အချက်အလက်များ မှန်ကန်စွာ ရေးသွင်းစေရေး၊ ပြည်သူများကလည်း မေးမြန်းချက်များအား ပြည့်စုံမှန်ကန်စွာ ဖြေကြားပေးနိုင်ရေး မှာကြားသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီးကျေးရွာသို့ သွားရောက်၍ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ ဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသား ဘာသာရပ်သင် ဆရာ ဆရာမများက သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးပြီး စာရင်းကောက်အဖွဲ့များ ဘာသာစကား အခက်အခဲမရှိစေရေးအတွက် အထောက်အကူပြုအဖွဲ့များမှ ကူညီဆောင်ရွက်ပေးနေမှုများ၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့ပြီး တာဝန်ရှိသူများအား သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ ရပ်ကွက် ၃၀၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၂၀ အုပ်စုရှိ အိမ်ထောင်စုကောက်ကွက်ပေါင်း ၁၄၂၉၆ ကွက်တွင် စာရင်းကောက် အဖွဲ့ပေါင်း ၁၀၂၂ ဖွဲ့၊ စာရင်းစစ် ၁၁၅၀၊ စာရင်းကောက် ၄၃၂၈ ဦး စုစုပေါင်း ၅၄၇၈ ဦးအပြင် အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသား ဘာသာရပ်သင် ဆရာ ဆရာမ ၄၂၆ ဦး၊ တက္ကသိုလ်များမှ ကထိက ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၄၉ ဦး၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အရံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များဖြင့် သန်းခေါင်စာရင်းကောက်ယူ ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

---

❖ **ကျောဖုံးမှ**

ထို့ပြင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သန်းခေါင်စာရင်းကောက်ကွက် ၂၂ ကွက်ဖြစ်သည့် ဝဏ္ဏသိဒ္ဓိ ရပ်ကွက် နှစ်နေရာ၊ သုခသိဒ္ဓိ ရပ်ကွက် နှစ်နေရာ၊ ဓနသိဒ္ဓိ ရပ်ကွက် နှစ်နေရာ၊ ဗလသိဒ္ဓိ ရပ်ကွက် တစ်နေရာ၊ မင်္ဂလာသိဒ္ဓိ ရပ်ကွက် နှစ်နေရာ၊ ဘောဂသိဒ္ဓိ ရပ်ကွက် နှစ်နေရာ၊ ဉာဏသိဒ္ဓိ ရပ်ကွက် တစ်နေရာ၊ ပညာသိဒ္ဓိ ရပ်ကွက် နှစ်နေရာ၊ ရွှေကြာပင် ရပ်ကွက် နှစ်နေရာ၊ သပြေကုန်း ရပ်ကွက် တစ်နေရာ၊ အောင်ဇမ္ဗူ ရပ်ကွက် နှစ်နေရာနှင့် တဲကြီးကုန်းကျေးရွာအုပ်စု တစ်နေရာ စသည့် သတ်မှတ်နေရာများ အတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၏ မိသားစုဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုဝင်များ၊ ရပ်ကွက်နေပြည်သူများ၏ မိသားစုဝင်များကို မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီ၊ ရပ်ကွက် သန်းခေါင်စာရင်း ကောက်ယူရေး အထောက်အကူပြု အဖွဲ့များနှင့် ပူးပေါင်း၍ သတ်မှတ်နေရာများသို့ သွားရောက်၍ အိမ်ထောင်စု မေးခွန်းပုံစံမေးခွန်း ၆၈ ခုကို Mobile Tablet များအသုံးပြုကာ မေးမြန်းစာရင်းကောက်ယူပြီး ရရှိလာသည့်အချက်အလက်များကို CAPI စနစ်ကို အသုံးပြု၍ နေပြည်တော်ရုံးချုပ် Server သို့ ပေးပို့ခြင်းများ ဆောင်ရွက်ကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီးတို့ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က မေးမြန်းသည့် မေးခွန်းများကို ဖြေကြားစဉ်။

**ဝိုင်းဝန်းပူးပေါင်း**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ကောက်ကွက် ၂၇၁ ကွက်ကို စာရင်းစစ် ၃၃ ဦး၊ စာရင်းကောက် ၈၈ ဦးဖြင့် သတ်မှတ်နေရာများ အလိုက် ကောက်ယူသွားမည် ဖြစ်ရာ တိုင်းရင်းသားပြည်သူများက မိမိတို့အကျိုး၊ နိုင်ငံ့အကျိုးအတွက် ဝိုင်းဝန်းပူးပေါင်း လက်တွဲ ဆောင်ရွက်ကြရန် လိုအပ်သည်။

အဆိုပါ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၁ ရက် မှ ၁၅ ရက် အထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူခြင်းမှ ရရှိသည့် လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ဖြစ်သဖြင့် လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင် တစ်ကြိမ် မဖြစ်မနေ ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

---

## ပန်းတောင်းမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူ

**ပန်းတောင်း အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများရှိ သန်းခေါင်စာရင်း ကောက်ကွက်များတွင် ယနေ့နံနက်ပိုင်းက စတင်၍ ကွင်းဆင်း ကောက်ယူမှုများကို ဆောင်ရွက်ခဲ့သည်။

သန်းခေါင်စာရင်းကောက်ကွက်များတွင် လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရပ်ကွက်အတွင်း အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာများကို အချက်အလက် ၆၈ ချက် မေးမြန်းကာ Mobile Tablet များဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးချကာ ကောက်ယူကြောင်း သိရသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်သက်တင်နှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီများက လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သင်းသင်းအေး(ပြန်/ဆက်)**



---

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆည်တမံရေပေးမြောင်း၊ ရေသောက်မြောင်းများ ဦးစားပေးအစီအစဉ်ဖြင့် ရာသီချိန်မီ ပြုပြင်ဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မြစ်သားမြို့နယ် ငပြောင်ဆည်ရေသောက်စနစ်အတွင်းရှိ မိုးစပါးစိုက်ခင်းအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုးစပါးအတွက် ရေဆက်လက်ပေးဝေနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ထိခိုက်ပျက်စီးမှုမရှိသော မိုးစပါးစိုက်ခင်းများ အထွက်နှုန်းတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ပေးနေမှု၊ ဆည်ရေသောက်စနစ်များတွင် မိုးစပါး အောင်ရေပေးသွင်းနိုင်ရေး စီမံဆောင်ရွက်မှုနှင့် စပါးသီးနှံ စိုက်ပျိုးခြင်းအတွက် ရေပေးဝေမည့် အစီအမံများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် မြစ်သားမြို့နယ် ဒိုင်းကျေးရွာအုပ်စု နတ်လွဲရေလွှဲဆည်သို့ ရောက်ရှိကြပြီး ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြင်ဆင်ရမည့် လုပ်ငန်းစဉ်များနှင့် သစ်တောပြုန်းတီးမှု ကာကွယ်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ပေးကြရန် ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စမုံရေထိန်းတမံ ထိခိုက်ပျက်စီးခဲ့မှုအား ကြည့်ရှုစစ်ဆေးစဉ်။

နတ်လွဲရေလွှဲဆည်ကို ရှေးမြန်မာမင်းများလက်ထက်မှ စတင်တည်ဆောက်အသုံးပြုခဲ့ပြီး ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ ရေသောက်ဧရိယာ ဧက ၁၁၉၀၀ ကျော် ရှိကြောင်း သိရသည်။

ဆက်လက်၍ ကင်းတားရေလွှဲဆည်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ကြရသော ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုအပေါ် ဆောင်ရွက်ပေးမည့် အချက်များ၊ ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရေးကိစ္စရပ်များ၊ သစ်ပင်သစ်တောများနှင့် ရာသီဥတုတို့၏ အပြန်အလှန် အကျိုးပြုနေမှု၊ သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ရန် လိုအပ်ချက်များကို ဆွေးနွေးပြီး တောင်သူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ကင်းတားရေလှောင်တမံသို့ ရောက်ရှိပြီး တမံဝင်ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ထိန်းသိမ်းထားသော ဆည်တမံကြီးများ လုံခြုံစိတ်ချမှုရှိရန်နှင့် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိစေရန် သက်ဆိုင်ရာပညာရှင်များ ပါဝင်သောအဖွဲ့များ ဖွဲ့စည်း၍ ဦးစားပေးအစီအစဉ်အလိုက် တမံကြံ့ခိုင်မှုများကို စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ စစ်ဆေးချက် ရလဒ်များအပေါ် မူတည်၍ လိုအပ်သော စီမံဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်သည့် ကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြစ်သားမြို့နယ် ကံဆည်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိကြပြီး ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ရေးနှင့် ရေကြီးရေလျှံမှုကြောင့် လမ်းတံတားများ ပျက်စီးမှုများအပေါ် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် သာစည်မြို့နယ် စမုံရေထိန်းတမံအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးခဲ့သည့် တမံအဆောက်အအုံ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ထို့ပြင် နံနက်ပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးရှိ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာဦးစီးမှူးများနှင့် သီးခြားစီတွေ့ဆုံကာ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လတ်တလော ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပျဉ်းမနားမြို့နယ် ညောင်ပင်သာတံတား ထိခိုက်ပျက်စီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာသို့ ရောက်ရှိပြီး ပုဂ္ဂလိကပိုင် တွင်းတိမ်များ တွင်းဆေးတွင်းမှုတ်ပြုလုပ်ပြီး သန့်ရှင်းသောသောက်သုံးရေပြန်လည်ရရှိအသုံးပြုနေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင် ပုဂ္ဂလိကတွင်းတိမ် ၁၃၀ ကို တွင်းဆေးတွင်းမှုတ် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ရေတိုက်စား၍ ပျက်စီးသွားသော ညောင်ပင်သာရွာတွင်းလမ်းပေ ၁၀၀၀ ပြန်လည်ပြုပြင်ပေးနိုင်ရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ကျေးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် သမဝါယမကဏ္ဍမှ ကူညီပံ့ပိုးပေးရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ညောင်ပင်သာရွာနှင့် အလယ်ရွာကို ဆက်သွယ်ထားသော ပေ ၁၄၀ တံတားအား သွားရောက်ကြည့်ရှုပြီး ရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်းနှင့် ကမ်းကပ်ခုံအကြား ပျက်စီးသွားသောနေရာ ပြုပြင်ပေးရေး၊ တံတားအောက်ခြေတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် သဲနုန်းများနှင့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းရန် တာဝန်ရှိသူများကို မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် အလယ်ရွာသို့ ရောက်ရှိပြီး ရေဘေးကြောင့် ထိခိုက်ပျက်စီးသွားသော လေးလက်မတွင်းနက်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တွင်းဆေးတွင်းမှုတ် ပြန်လည်ဆောင်ရွက်ပေးထားမှု၊ အိမ်သွယ်ရေတိုင်စနစ် ရေဖြန့်ဝေပေးနေမှုနှင့် ရွာတွင်းလမ်းများ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရွာအလယ်လမ်း ပြန်လည်ပြုပြင်ပေးနိုင်ရေး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၌ ကျင်းပသည်။



**ထုတ်ပြန်ထားရှိ**

အစည်းအဝေးတွင် ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ရမ်ဆာရေဝပ်ဒေသ ခုနစ်ခုကို သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ အမျိုးသားအဆင့်ကော်မတီ ဖွဲ့စည်းထားပြီး အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများကို ထုတ်ပြန်ထားရှိပါကြောင်း၊ ရမ်ဆာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရန် ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို သက်ဆိုင်ရာဌာနများ ပေါင်းစပ်ဖော်ဆောင်မှု ပိုမိုအားကောင်းစေရန် ၂၀၂၂ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ကြောင်းနှင့် ယခုနှစ်အတွင်း ရမ်ဆာကွန်ဗင်းရှင်းသို့ တင်သွင်းမည့် နိုင်ငံအဆင့် အစီရင်ခံစာ ပြင်ဆင်ထားရှိမှုအပေါ် ကဏ္ဍအလိုက် လိုအပ်ချက်များ ဖြည့်စွက်ခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်းကို အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နိုင်ငံအဆင့် အစီရင်ခံစာ ပြုစုထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ နေပြည်တော် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတ်မှတ်ပေးထား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၆၀ နှင့်အထက် သက်ကြီးဦးရေသည် ၅ ဒသမ ၂ သန်းခန့် ရှိရာမှ ပြည်သူ့အင်အားဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ခန့်မှန်းလူဦးရေစာရင်းအရ သက်ကြီးဦးရေသည် ၆ ဒသမ ၅ သန်းကျော်အထိ တိုးလာပါကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်တစ်ဝန်းရှိ သက်ကြီးပုဂ္ဂိုလ်များကို ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပြုစုစောင့်ရှောက်မှုနှင့် လူမှုရေးဝန်ဆောင်မှုများပေးရန် လိုအပ်လာပါကြောင်း၊ ထို့ကြောင့် ယခုနှစ် (၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဆောင်ပုဒ်ကို "သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေး ကမ္ဘာအနှံ့ ဘက်စုံပြုစုစောင့်ရှောက်ပေး" ဟု သတ်မှတ်ပေးထားပါကြောင်း၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို ဖြည့်ဆည်းပေးရေးနှင့် ပြုစုစောင့်ရှောက်ရေးတို့အတွက် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များအတွက် ဝင်ငွေလုံခြုံမှုရရှိစေရန်အတွက် လူမှုရေးပင်စင်ထောက်ပံ့မှု အစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ၂၀၁၇ ခုနှစ်က စတင်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကျိုးခံစားခွင့်ရှိသူ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ် ၁၁၀၇၉၆ ဦးကို လူမှုရေးပင်စင်ပေးအပ်နိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို ယခင်နှစ်များကဲ့သို့ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၀ သိန်းစီကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှတစ်ဆင့် လွှဲပြောင်းပေးအပ်ဂုဏ်ပြုသွားရန် စီစဉ်ထားရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သက်ကြီးပုဂ္ဂိုလ် ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကိုပြသပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များက ဘိုးဘွားများကို လူသုံးကုန်၊ ဆေးဝါးပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကယားပြည်နယ်ဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားသို့ တက်ရောက်

**လွိုင်ကော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို အသိအမှတ်ပြုပေးခြင်း၊ လေးစားစွာ ဆက်ဆံပေးခြင်း၊ ပြုစုစောင့်ရှောက်ပေးခြင်းများကို လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များအားလုံးကို ဥပဒေနှင့်အညီ အပြည့်အဝ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်းရှိ အသက်အကြီးဆုံး အဘိုးသုံးဦးတို့အား ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး တာဝန်ရှိသူများက ဘိုးဘွား ၃၀ တို့အား ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဂါရဝလက်ဆောင်ပစ္စည်းများကို လက်ရောက်ပေးအပ်ကြကာ တက်ရောက်လာကြသော ဘိုးဘွားများကိုယ်စား သက်ကြီးအဘိုးတစ်ဦးက ဆုတောင်းမေတ္တာစကား ပြောကြားသည်။

ယခု အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အတွင်းရှိ ဘိုးဘွား ၂၂၃ ဦးအတွက် ငွေကျပ် ၃၃၇၃၄၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဘိုကလေးမြို့နယ်၌ အသက် ၁၀၆ နှစ်အဘွား၊ ၁၀၅ နှစ်အဘိုးတို့နှင့်အတူ ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ထောက်ပံ့

**ဘိုကလေး အောက်တိုဘာ ၁**

ယနေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် အသက်အကြီးဆုံးဖြစ်သူ ဘိုကလေးမြို့နယ် ငှက်ပျောချောင်းကျေးရွာ၌ နေထိုင်သော အသက် ၁၀၆ နှစ်အရွယ် အဘွား ဒေါ်သိန်းကြည်၊ ဘိုကလေးမြို့နယ်ရှိ ဘိုးဘွားချမ်းမြေ့ဓမ္မရိပ်သာနှင့် ရိပ်သာရှိဘိုးဘွားများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းမှုများ ဆောင်ရွက်ရာ ယနေ့နံနက် ၉ နာရီတွင် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ကြသည်။



**ထောက်ပံ့လှူဒါန်း**

ထောက်ပံ့ရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့က အသက်၁၀၆ နှစ်အရွယ် အဘွားအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်း၊ ဘိုးဘွားချမ်းမြေ့ဓမ္မရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ရိပ်သာရှိဘိုးဘွား ၂၆ ဦး အတွက် တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခြင်းဖြစ်ပြီး ဘိုးဘွားများ၏ လက်ဝယ်အရောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကိုယ်စား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကာ သွားရောက်ထောက်ပံ့ပေးအပ်သည်။ ထို့ပြင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ကလည်း အသက် ၁၀၆ နှစ်အရွယ် အဘွား ဒေါ်သိန်းကြည်အား အာဟာရဖြစ်စားသောက်ဖွယ်ရာများ၊ ဆေးဝါးများ လှူဒါန်းပေးခဲ့ပြီး ဘိုကလေးမြို့နယ် ရွာသစ်ရွာမတွင် နေထိုင်သည့် အသက် ၁၀၅ နှစ်အရွယ် အဘဦးညိုအား ထောက်ပံ့ငွေကျပ် တစ်သိန်းခွဲနှင့် အာဟာရစားသောက်ဖွယ်ရာများ၊ ဆေးဝါးများကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ



## ပဲခူးတိုင်းဒေသကြီး၌ အသက်အကြီးဆုံး အဘွားအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေပေးအပ်

**ပြည် အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး၌ အသက်အကြီးဆုံးဖြစ်သော ပြည်မြို့နယ် ပေါင်းတလည်မြို့ ဖြူးကုန်းကျေးရွာအုပ်စုနေ အသက် ၁၁၈ နှစ်အရွယ်ရှိ အဘွား ဒေါ်ခင်ညွန့်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် သုံးသိန်းကို ပြည်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အဘွား၏ နေအိမ်သို့ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ပြည်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြင့်နှင့် ဝန်ထမ်းများက ပေါင်းတလည်မြို့ အုပ်ချုပ်ရေးမှူးနှင့်အတူ အဘွား ဒေါ်ခင်ညွန့်၏ရှေ့မှောက်၌ ၎င်း၏မိသားစုဝင်တစ်ဦးထံ လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် ကြိုပင်သာကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှုကို သွားရောက်ကြည့်ရှုသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပေါက်မြိုင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါးနှင့် စိုက်ပျိုးသီးနှံများအစားဒေသနှင့်ကိုက်ညီသည့် နေကြာနှင့် မတ်ပဲများ ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ အိမ်ထောင်စုများအတွက် ဆန်နှင့်အဝတ်အထည်များကိုလည်းကောင်း၊ အသင်းသားတောင်သူများ၏ စိုက်ပျိုးဧက ၂၅၀ အတွက် ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့များကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ရေတိုက်စားမှုကြောင့် လမ်းသားနှင့် လမ်းပခုံးများ ပျက်စီးသွားသော လယ်ဝေးမြို့နယ် သာဝတ္ထိ-စစ်တောင်းမြစ်ဆိပ် ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း ပြန်လည်ပြင်ဆင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဦးစားပေးအလိုက် အမြန်ဆုံးဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် တံတားကြီးကျေးရွာနှင့် ဆီဆုံကုန်းကျေးရွာတို့သို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ အိမ်ထောင်စုများအတွက် ဆန်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် ကျွန်းဦးခေတ်မီစံပြကျေးရွာသို့ရောက်ရှိပြီး ပဲလှော်ဖိုလုပ်ငန်းရှင်များ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျွန်းဦးကျေးရွာရှိ တန်ဖိုးမြှင့်ကုန်ထုတ်သမဝါယမအသင်းသားများဖြစ်သည့် ပဲကြော်ပဲလှော်၊ စာလေးခွေ၊ မာလာရှမ်းကော၊ ဆီစက်လုပ်ငန်းများ လုပ်ကိုင်သူများကို ငွေကျပ်သိန်း ၁၄၅၀ ကိုလည်းကောင်း၊ ကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆန်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှု၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စက်ယန္တရားများဖြင့် ကျေးရွာတွင်းလမ်းများ နုန်းများဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာသို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လတ်တလော လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေး ကျေးရွာချင်းဆက် လမ်းတံတားများ၊ ကျေးရွာကုန်ထုတ်လမ်းများနှင့် သောက်သုံးရေရရှိရေးလုပ်ငန်း ပျက်စီးမှုများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားပြီး အိမ်ထောင်စုများအတွက် ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာအမျိုးသားလေကြောင်းတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယမန်နေ့ နံနက်ပိုင်းက လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန လေကြောင်းပျံသန်းမှု လမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲသို့ရောက်ရှိပြီး Air Traffic Management Centre – ATMC အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။




**ကြည့်ရှုစစ်ဆေး**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားပြီး လေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို တတ်နိုင်သမျှ အလေးထားဆောင်ရွက်ပေးရန်၊ လေယာဉ်စီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းမှုရှိပြီး လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးကို အလေးထားဆောင်ရွက်သွားကြရန်၊ လေဆိပ်များတွင် အသုံးပြုလျက်ရှိသော X-ray စက်များနှင့် CCTV များ ကောင်းမွန်မှုရှိစေရေး၊ လေယာဉ်ပြေးလမ်းမီးစနစ်များ ကောင်းမွန်မှုရှိစေရေး၊ လေကြောင်းထိန်းမျှော်စင်များရှိ ဆက်သွယ်ရေးစက်များ ကောင်းမွန်နေစေရေး၊ လေယာဉ်ကွင်းရာသီဥတုဆိုင်ရာကိရိယာများ ကောင်းမွန်နေစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ATMC Centre ၌ 3 D Aerodrome Simulator တပ်ဆင်ထားရှိမှု၊ လေကြောင်းထိန်းသိမ်းရေးစက်ပစ္စည်းအသစ်များ တပ်ဆင်ပြီးစီးမှု၊ Area Control Centre နှင့် လေကြောင်းထိန်းမျှော်စင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် မြန်မာအမျိုးသားလေကြောင်း ပျံသန်းမှုလုပ်ငန်းဌာန ပျံသန်းရေးဌာန သင်တန်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လေယာဉ်များ စွမ်းအားပြည့် ပျံသန်းပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မြေပြင်/ဝေဟင် အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာအမျိုးသားလေကြောင်း၏ လေယာဉ်အကြီးစားပြင်ဆင်မှုအလုပ်ရုံ(MRO)သို့ သွားရောက်၍ လေယာဉ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှုရှိစေရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် စာဆိုဗိမာန်တည်ဆောက်ပြီးပါက အခန်းများ ဖွဲ့စည်းမှုနှင့် ခင်းကျင်းပြသမှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ရေး ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံး၌ စာပေ၊ ရုပ်ရှင်၊ ဂီတတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာဆိုဗိမာန် တည်ဆောက်ပြီးပါက အခန်းများ ဖွဲ့စည်းမှုနှင့် ခင်းကျင်းပြသမှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ညနေပိုင်းတွင် တောင်ငူမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး ရေဝင်ရောက်စဉ်က တင်ကျန်ရစ်သော ရွှံ့နွံများ ရှင်းလင်းပြီးစီးမှုနှင့် စက်ပစ္စည်းများ ပြန်လည်စစ်ဆေးပြုပြင်နေမှု၊ မူလလွှင့်စက်များ ပြုပြင်နေစဉ် ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များကို အရန်ထုတ်လွှင့်စက်များဖြင့် ထုတ်လွှင့်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သန့်ရှင်းရေးနှင့် စက်ပြုပြင်နေကြသော အင်ဂျင်နီယာများနှင့် ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ အနုပညာရှင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ အရာရှိ နှစ်ဦး၊ အခြားအဆင့် သုံးဦးနှင့် စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ သုံးဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ နှစ်ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ပြီး အနုပညာရှင်ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်တင်ကိုကိုက စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် ငါးဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် ငါးဦး၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူက ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရ တပ်ဖွဲ့ဝင် လေးဦး၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆုနှင့် နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကိုပြသခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ရဲအရာရှိကြီးများသည် ဆုရရှိသူများ၊ အနုပညာရှင်ကိုယ်စားလှယ်တစ်ဦးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**တာချီလိတ် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တော့ဟွာခန်းမတွင် ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပရာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းကိုက အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးထံမှ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်းက ဖတ်ကြားကာ ဝမ်ပုံရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဇော်မိုးက ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။



**ချီးမြှင့်ပေးအပ်**

ဆက်လက်၍ မှုခင်းများကို စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ရုံးလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင် ၅၁ ဦး၊ ရဲတပ်ဖွဲ့လုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့်ပုဂ္ဂိုလ် ၁၁ ဦးတို့ကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး၏ အမှုထမ်းကောင်းလက်မှတ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေတို့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူတို့ကလည်းကောင်း၊ ထူးချွန်ရဲတပ်ဖွဲ့ဝင် သုံးဦးတို့အား တစ်ဆင့်မြင့်ရာထူးအပ်နှင်းခြင်းကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးချမ်းမြေ့ဝင်းနှင့် ဝမ်ပုံ ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဇော်မိုးတို့ကလည်းကောင်း ချီးမြှင့်ပေးအပ်ပြီး နေအိမ်လိုင်းခန်း သန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆုရရှိကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များကို မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်သန့်ကြည်ဖြူစိုးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**



# မြိတ်မြို့၌ မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့သော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**မြိတ် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနားကို နိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲရတနာခန်းမ၌ ယနေ့နံနက် ၉ နာရီက မြိတ်ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပခဲ့ပြီး မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့သော ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသည်။

မြိတ်ခရိုင်အတွင်း အမှုကြီး ၁၀ မျိုး မှုခင်းဖြစ်ပွားမှုအနေဖြင့် ၂၀၂၃ ခုနှစ်၌ လူသတ်မှု ၂၃ မှု၊ မုဒိမ်းမှု ခြောက်မှု စုစုပေါင်း ၂၉ မှု၊ ၂၀၂၄ ခုနှစ်တွင် ယနေ့အထိ လူသတ်မှု ၁၈ မှု၊ မုဒိမ်းမှု ငါးမှု စုစုပေါင်း ၂၃ မှု ဖြစ်ပွားခဲ့ကြောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ၂၂၅ မှု၊ တရားခံ ၃၆၆ ဦး၊ ၂၀၂၄ ခုနှစ်တွင် ယနေ့အထိ ၉၇ မှု၊ တရားခံ ၁၄၇ ဦးကို မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

နှစ်ပတ်လည်နေ့အခမ်းအနားတွင် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်ဇော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအမှာစကားပြောကြားပြီး ရဲချုပ်ထံမှပေးပို့သော နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာအား မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ကျော်အောင်က ဖတ်ကြားသည်။ ထို့နောက် မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့သော ရဲအရာရှိများနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**

# အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့(ရွှေစာရံ)၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲခန်းမ၌ နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် အမှတ်(၃)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ယာယီရဲမှူးချုပ်လင်းထွဋ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှုတံဆိပ် (ရဲဗလတံဆိပ်)ဆုရရှိသည့် တပ်ဖွဲ့ဝင်များနှင့် ထူးချွန်ဝန်ထမ်းဆုရရှိသည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး မိုးညို၊ ဦးစီးအရာရှိ(ပထမတန်း)နှင့် ဦးစီးအရာရှိများ၊ ကွပ်ကဲမှုအောက် လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံးမှ ဦးစီးအရာရှိများ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယတပ်ဖွဲ့ခွဲမှူးများ၊ ဌာနချုပ်တပ်ခွဲမှူးများနှင့်အတူ တပ်ဖွဲ့ဝင်/မိသားစုဝင်များ တက်ရောက် ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ကော့သောင်း အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ယနေ့ ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြတ်မင်းထွေးက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။ ယင်းနောက် တာဝန်ရှိသူများက ဆုရရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး တက်ရောက်လာကြသူများက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Vedio Clip ကြည့်ရှုပြီး ရဲတပ်ဖွဲ့စိတ်များမှ ခင်းကျင်းပြသထားသော ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပြခန်းများနှင့် Vedio Clipများ လိုက်လံကြည့်ရှုခဲ့ကြသည်။

**ခရိုင်(မြန်/ဆက်)**



## မနက်ဖြန်

## မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# စိန်ရတုမှာ စိန်ကောင်းတစ်ပွင့်ဖြစ်လာတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရတုအဆက်ဆက်တိုင် အောင်မြင်ပါစေ

**စိန်ရတုဆိုတာ အကြောင်းအရာတစ်ခုခုက နှစ်ပေါင်း ၇၅ နှစ်တိုင်တဲ့အထိ တည်တံ့ခိုင်မြဲနေတဲ့ အခြေအနေမျိုးကို ခေါ်တာဖြစ်ပါတယ်။ စိန်ဆိုတာကတော့ လူတိုင်းက မြတ်နိုးစွာတန်ဖိုးထားရသလို အဖိုးလည်းထိုက်တန်လှတဲ့ ရတနာတစ်မျိုးပါ။**

**စိန်ဆိုတဲ့ရတနာက ၇၅ နှစ်ဆိုတဲ့ကာလအတွင်းမှာ ဖြစ်ပေါ်တည်ရှိဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အနည်းဆုံးတော့ နှစ်ပေါင်း တစ်ဘီလီယံကနေ ၃ ဒသမ ၃ ဘီလီယံအထိ ကြာမြင့်တတ်ပါတယ်။**

**ထက်မြတ်**

ဒါပေမဲ့ စိန်ကဲ့သို့သော တန်ဖိုးကြီးမားလှတဲ့၊ အရောင်အသွေးတောက်ပြောင်လှတဲ့ ကမ္ဘာ့ရတနာကြီးတစ်ပါးကတော့ ၇၅ နှစ်ဆိုတဲ့ ကာလအတွင်းမှာ ဖြစ်ပေါ်တိုးတက်လာခဲ့ပါတယ်။အဲဒါကတော့တရုတ်ပြည်သူ့သမ္မတနိုင်ငံပါပဲ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဒီကနေ့အချိန်အခါမှာ ကမ္ဘာ့နိုင်ငံများက ယုံကြည်စွာ အားကိုးအားထားပြုထိုက်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်သာမက ကမ္ဘာပေါ်မှာ မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံလည်း ဖြစ်လို့လာနေပါပြီ။

အဘက်ဘက်က မတည်ငြိမ်မှုတွေ၊ အားနည်းချက်တွေရှိနေခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ ၇၅ နှစ်အတွင်းမှာ ဒီကနေ့လိုအနေအထားမျိုးရောက်ရှိဖို့ တော်တော်လေးကို ရုန်းကန်ကြိုးပမ်းခဲ့ရတာပါ။

စိန်ကောင်းတစ်ပွင့် ရဖို့အတွက် ဖိအားများစွာကိုရင်ဆိုင်ရသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း ဖိအားများစွာ၊ စိန်ခေါ်မှုများစွာ၊ အခက်အခဲအကျပ်အတည်းများစွာကို လိမ္မာပါးနပ်စွာကိုင်တွယ်ထိန်းသိမ်း ဖြေရှင်းခြင်းအားဖြင့်သာ စိန်ရတုတိုင်လာတဲ့အချိန်မှာ စိန်ကောင်းတစ်ပွင့်ဘဝကို ရရှိခဲ့တာဖြစ်ပါတယ်။

ဒီတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်မှု သမိုင်းကြောင်းလေးကို နည်းနည်းလောက်ပြောလိုက်ရအောင်။ ပြီးရင် ဖွံ့ဖြိုးတိုးတက်မှုအတွက် သူတို့တွေ ဘာတွေလုပ်ခဲ့လဲဆိုတာကို အများသူငါအနေနဲ့ သိရှိနိုင်အောင် ဆက်လက်တင်ပြသွားပါမယ်။

## သမိုင်းကြောင်း

တရုတ်နိုင်ငံဆိုတာ နှစ်ပေါင်း ၅၀၀၀ ကျော်သက်တမ်းရှိတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုပါ။ ဒါပေမဲ့ အဲဒီနှစ်တွေအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ပဒေသရာဇ်စနစ်ပျက်သုဉ်းတာ၊ သူ့ကျွန်ဘဝရောက်ရတာ၊ ပြည်တွင်းစစ်ဖြစ်ပွားရတာတွေရှိပါတယ်။ အဲဒီကာလတွေတုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုပြီး ဖြစ်ပေါ်လာခြင်းမရှိသေးပါဘူး။

ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်လာမှု သမိုင်းကြောင်းကို ပြန်ကြည့်ရင် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ စတင်ခဲ့တာကို တွေ့ရပါမယ်။ အဲဒီအချိန်တုန်းက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ မော်စီတုန်းက ပေကျင်းမြို့လယ်မှာရှိတဲ့ တီယန်မင်ဂိတ်တံခါးအပေါ်ကနေပြီး တရုတ်နိုင်ငံကို "တရုတ်ပြည်သူ့သမ္မတနိုင်ငံ"လို့ သတ်မှတ်ကြောင်း ကြေညာလိုက်တာပါ။

တရုတ်ကွန်မြူနစ်ပါတီ အနေနဲ့ ခေတ်ပြောင်းတော်လှန်ရေးမှာ ချန်ကေရှိတ်ဦးဆောင်တဲ့ ကူမင်တန်အစိုးရကို ဖြုတ်ချနိုင်ပြီးနောက် တရုတ်သမ္မတနိုင်ငံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုပြီး အမည်ပြောင်းလဲသတ်မှတ်ကာ နိုင်ငံထူထောင်လိုက်တာဖြစ်ပါတယ်။ အဲဒီနေ့ကိုပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

အဲဒီနောက် တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်ကြီး မော်စီတုန်းလက်ထက်မှစလို့ ယနေ့ တရုတ်သမ္မတ ရှီကျင့်ဖျင်လက်ထက်အထိ ခေါင်းဆောင်အဆင့်ဆင့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုတွေရှိလာအောင် ကြံဆောင်ခဲ့ကြသူတွေ၊ လက်တွေ့အကောင်အထည်ဖော်ခဲ့ကြသူတွေ ဖြစ်ပါတယ်။

## စာတတ်မြောက်မှု

ပြည်သူတွေဟာ ပညာတတ်မြောက်မှ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ တရုတ်ခေါင်းဆောင်တွေက သိပါတယ်။ ဒါကြောင့် ပညာရေးကို ဦးစားပေးပြီး အကောင်အထည်ဖော်မှုတွေ လုပ်ဆောင်ခဲ့ရာ ၁၉၄၉ ခုနှစ်မှာ စာဖတ်တတ်သူအရေအတွက်က လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းသာရှိရာမှ နှစ်ပေါင်း ၃၀ ကြာပြီးတဲ့အချိန်မှာ စာဖတ်တတ်သူဦးရေ ၆၅ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာပါတယ်။

၂၀၂၁ ခုနှစ်မှာ စာတတ်မြောက်မှုနှုန်းက ၉၉ ဒသမ ၈ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီလို့ ကမ္ဘာ့ဘဏ်ရဲ့ ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ ဒါကြောင့် ၂၀၂၄ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ စာတတ်မြောက်မှုနှုန်းက ရာနှုန်းပြည့်ဖြစ်နေပြီလို့ယုံကြည်ရပါတယ်။

နိုင်ငံသားတွေ စာတတ်မြောက်မှုနဲ့အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ခေါင်းဆောင်အသီးသီးက ဖော်ဆောင်ခဲ့ပါသေးတယ်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေထဲမှာတော့ ယနေ့ကမ္ဘာမှာ တရုတ်နိုင်ငံက အအောင်မြင်ဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။

## စီးပွားရေး

ဒီလိုအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ တံခါးဖွင့်မူဝါဒကို တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ တိန့်ရှောင်ဖိန်က ချမှတ်ခဲ့ပါတယ်။

မူဝါဒချမှတ်မှုနဲ့အတူ တခြားနိုင်ငံတွေရဲ့ စီးပွားရေးလုပ်ဆောင်မှုနည်းနာတွေကိုလည်း လေ့လာစေခဲ့ပါသေးတယ်။ တိန့်ရှောင်ဖိန်လက်ထက်မှာ စင်ကာပူနိုင်ငံကိုသွားရောက်ပြီး စီးပွားရေးဆိုင်ရာ နည်းနာနိသယတွေကို ဆည်းပူးဖို့ စေလွှတ်ခံရတဲ့ အရာရှိစုစုပေါင်း ၂၂၀၀၀ ကျော် ရှိပါတယ်။

ဒ့ါအပြင် အထူးစီးပွားရေးဇုန်တွေကိုလည်း ဖော်ထုတ်နိုင်ခဲ့သလို ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဝင်ရောက်စေခဲ့ပြန်ပါတယ်။ ၁၉၈၄ ခုနှစ် မေလမှာ ရှန်ဟိုင်း၊ ကွမ်ကျိုးနဲ့ တီယန်ကျင်းတို့အပါအဝင် ကမ်းရိုးတန်းမြို့ပေါင်း ၁၄ မြို့ကို "တံခါးဖွင့်ကမ်းရိုးတန်းမြို့များ" အဖြစ် ခေါ်ဝေါ်သတ်မှတ်ပြီး စီးပွားရေးတိုးတက်မှုတွေရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။

တိန့်ရှောင်ဖိန်ဟာ နောင်တစ်ချိန်မှာ သိပ္ပံနဲ့ နည်းပညာကသာ အခရာဖြစ်လာမယ်ဆိုတာကို ကြိုသိခဲ့သလိုပါပဲ။ သိပ္ပံနဲ့ နည်းပညာက ပင်မကုန်ထုတ်လုပ်မှုစွမ်းအားဖြစ်တယ်လို့ကို သတ်မှတ်ပြီးတော့ မူဝါဒချမှတ် အကောင်အထည်ဖော်မှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကိုယ်တိုင်လည်း တံခါးဖွင့်ဝါဒကိုကျင့်သုံးပြီး ပြည်တွင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို လက်ခံခြင်းအားဖြင့် စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ခဲ့သလို ပြည်ပနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းတွေ တည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေတဲ့ စီးပွားရေး အခွင့်အလမ်းတွေကိုလည်း ဖော်ဆောင်ခဲ့ပါတယ်။

**❍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကိုယ်တိုင်လည်း တံခါးဖွင့်ဝါဒကိုကျင့်သုံးပြီး ပြည်တွင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို လက်ခံခြင်းအားဖြင့် စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ခဲ့သလို ပြည်ပနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းတွေ တည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေတဲ့ စီးပွားရေးအခွင့်အလမ်းတွေကိုလည်း ဖော်ဆောင်ခဲ့**

**❍ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နိုင်ငံရေးစနစ်ပြောင်းလဲမှုက ဘယ်ကိုအဓိက ဦးတည်လဲဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆီကို ဦးတည်နေတာပါ။ ဒီလိုနည်းနဲ့ လျှောက်လှမ်းနေတဲ့ တရုတ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ လမ်းကြောင်းပေါ်မှာ သူတို့တစ်နိုင်ငံတည်းသာမက ကမ္ဘာကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူကောင်းတွေ ဖြစ်စေခဲ့တာကိုလည်းတွေ့ရ**

အခုဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဒုတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်လာသလို သူ့ရဲ့ဂျီဒီပီကလည်း ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်းမှာ ယွမ် ၆၁ ဒသမ ၆၈ ထရီလီယံအထိ ရရှိထားတာကို တွေ့ရပါတယ်။

ဒီပမာဏဟာ ပြီးခဲ့တဲ့နှစ်နဲ့ နှိုင်းယှဉ်ရင်တော့ ငါးရာခိုင်နှုန်း တိုးတက်လာတာပါ။သူတို့အနေနဲ့ အခုလိုမျိုးစီးပွားရေးတိုးတက်ရမှုမှာ စက်မှုကုန်ထုတ်လုပ်ငန်းက အဓိကနေရာကနေ ပါဝင်နေတာဖြစ်ပါတယ်။

## နိုင်ငံရေး

တိန့်ရှောင်ဖိန်လက်ထက်မှာ နိုင်ငံရေးပြောင်းလဲမှုတွေကို အဓိကထားလုပ်ဆောင်ခဲ့တာပါ။ ဒီလိုမျိုး ပြောင်းလဲမှုကြောင့်ပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီကို အရှိန်အဟုန်နဲ့ အရောက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို စတင်တည်ထောင်စဉ်က သမားရိုးကျတောင်သူလယ်သမားအသိုင်းအဝိုင်းကနေ ဆိုရှယ်လစ်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ မော်စီတုန်းအနေနဲ့ နိုင်ငံကောင်းစားမယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့ ဒီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပေမယ့် ထင်သလောက်ခရီးမပေါက်ခဲ့ပါဘူး။

တိန့်ရှောင်ဖိန် လက်ထက်မှာတော့ နိုင်ငံရေးစနစ်တွေကို စတင်ပြောင်းလဲခဲ့ပါတယ်။ ဒီလိုပြောင်းလဲရတဲ့ ရည်ရွယ်ချက်က အုပ်ချုပ်မှုလုပ်ငန်းတွေကို ကောင်းမွန်ထိရောက်စွာ လုပ်ဆောင်နိုင်စေဖို့၊ ပါတီနဲ့ အစိုးရကြားက တာဝန်ယူ၊ တာဝန်ခံမှုတွေကို ကွဲကွဲပြားပြားရှိစေဖို့နဲ့ ဗျူရိုကရေစီစနစ်ကို အပြီးတိုင်ဖျက်သိမ်းဖို့အတွက်ပါပဲ။

လက်ရှိမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကွန်မြူနစ်စနစ်ကို ကျင့်သုံးနေတယ်ဆိုပေမယ့်လည်း ဗဟိုဦးစီးချုပ်ကိုင်မှုရှိတဲ့ ကွန်မြူနစ်စနစ်တော့ မဟုတ်ပါဘူး။ တရုတ်မူဟန်နဲ့ ပြည်သူကိုမဏ္ဍိုင်ပြုတဲ့ ကွန်မြူနစ်စနစ်ကို ကျင့်သုံးနေတာဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နိုင်ငံရေးစနစ်ပြောင်းလဲမှုက ဘယ်ကိုအဓိက ဦးတည်လဲဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆီကို ဦးတည်နေတာပါ။ ဒီလိုနည်းနဲ့ လျှောက်လှမ်းနေတဲ့ တရုတ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ လမ်းကြောင်းပေါ်မှာ သူတို့တစ်နိုင်ငံတည်းသာမက ကမ္ဘာကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူကောင်းတွေဖြစ်စေခဲ့တာကိုလည်း တွေ့ရပါတယ်။



စာမျက်နှာ ၁၅ သို့ *

✻ စာမျက်နှာ ၁၄ မှ

**စစ်ရေး**

စစ်ရေးပိုင်းဆိုင်ရာနဲ့ ပြောင်းလဲမှုမှာတော့ တော်တော်ကြီးကို ထင်ထင်ရှားရှား ပြောင်းလဲလာအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် လက်ရှိတရုတ်သမ္မတရှီကျင့်ဖျင်လက်ထက်မှာ စစ်သည်အင်အားဖောင်းပွမှုကို ကျစ်ကျစ်လျစ်လျစ်ဖြစ်စေပြီး စစ်လက်နက်ပစ္စည်းတွေရဲ့စွမ်းပကားကို သိသာထင်ရှားစွာ တိုးမြှင့်ခဲ့ပါတယ်။

စစ်အင်အားကြီးနိုင်ငံတွေရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ လေယာဉ်တင်သင်္ဘောဆိုရင်လည်း သုံးစင်းအထိ ပိုင်ဆိုင်နေပါပြီ။ အဲဒီအထဲမှာမှ နှစ်စင်းကို ပြည်တွင်းမှာပဲ ထုတ်လုပ်ထားတာပါ။ အခု လက်ရှိမှာလည်း ရေတပ်ရဲ့ စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောကို တည်ဆောက်နေပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ နျူကလီးယားလက်နက်ကို ပိုင်ဆိုင်လာမှုနဲ့အတူ ဒုံးကျည်စွမ်းပကားမှာ ခေတ်ရှေ့ပြေးတိုးတက်လာနေပြန်ပါတယ်။ အသံနှုန်းလွန်ဒုံးကျည်ဆိုတာကို တရုတ်နိုင်ငံကလည်း ပိုင်ဆိုင်ထားပါတယ်။

ဒီကနေ့ကမ္ဘာပေါ်မှာ စစ်အင်အားအများဆုံးနိုင်ငံက တရုတ်နိုင်ငံပါ။ စစ်သည်အင်အားစုစုပေါင်းက ၂ ဒသမ ၈ သန်းရှိပါတယ်။ ဒီပမာဏက အမေရိကန်နိုင်ငံထက်ကို နှစ်ဆလောက်ပိုများနေတာပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ စီးပွားရေးအင်အား တောင့်တင်းလာတာနဲ့အမျှ စစ်အင်အားလည်း တိုးတက်လာပြီး အခုဆိုရင် ကမ္ဘာ့ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် တတ်နိုင်သမျှ ပါဝင်ကူညီပေးလျက်ရှိပါတယ်။

> **❛ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၅ နှစ်ကို ပြန်ပြောင်းကြည့်မယ်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှု၊ အစာရေစာငတ်ပြတ်မှု၊ ကိုယ်ကျိုးဖက်နိုင်ငံရေးသမားတွေရဲ့ အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေးအပြောင်းအလဲတွေကြားမှာ ပဋိပက္ခများစွာဖြစ်ပွားမှု၊ အနောက်အုပ်စုမှ နိုင်ငံကြီးတချို့ရဲ့ ထိုးနှက်တိုက်ခိုက်မှု စတာတွေကို ခါးသီးစွာရင်ဆိုင်ခဲ့ရတဲ့ နိုင်ငံဖြစ်**
>
> **ဒါပေမဲ့လည်း အခက်အခဲတွေကို အခွင့်အလမ်းအဖြစ်ပြောင်းလဲပြီး အောင်မြင်မှုကိုရယူနိုင်စွမ်းရှိတဲ့ တရုတ်နိုင်ငံသားတွေရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်ကြောင့် အခုအချိန်မှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှုမရှိသလောက် ပပျောက်၊ အစာရေစာငတ်ပြတ်မှုဆိုတာဝေးလို့ အကျင့်ပျက်ခြစားမှုဆိုတာ လုံးဝမရှိတော့ဘဲ အနောက်အုပ်စုမှ တိုက်ခိုက်မှုတွေကိုလည်း တန်ပြန်ရင်ဆိုင်နိုင်စွမ်းရှိတဲ့ နိုင်ငံကြီးအဖြစ်ကို ရောက်ရှိလို့လာခဲ့ ❜**

**ကမ္ဘာ့ငြိမ်းချမ်းရေး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ နိုင်ငံကိုထူထောင်ခဲ့တဲ့ ၇၅ နှစ်တာကာလအတွင်း ဘယ်နိုင်ငံကိုမှ ကျူးကျော်စစ်ဆင်နွှဲခြင်းဆိုတာမရှိခဲ့ပါဘူး။ ကမ္ဘာ့နိုင်ငံများကြားဖြစ်ပွားနေတဲ့ပဋိပက္ခတွေချုပ်ငြိမ်းအောင်သာ ကူညီပေးခဲ့တာရှိပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ တုန်းက တရုတ်နိုင်ငံဟာ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်" ကို ချမှတ်အကောင်အထည်ဖော်ခဲ့သလို ဒီလိုချမှတ်မှုကိုလည်း ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံကျင့်သုံးခဲ့ကြပါတယ်။

ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ နေရာတစ်နေရာရထားမှုနှင့်အတူ ကမ္ဘာတစ်ဝန်းမှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတွေကိုလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေပါတယ်။

ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်ပေးသူဆိုတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေသူလို့ပြောရင် ငြင်းနိုင်ဖွယ်ရာအကြောင်းမရှိပါဘူး။

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၅ နှစ်ကို ပြန်ပြောင်းကြည့်မယ်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှု၊ အစာရေစာငတ်ပြတ်မှု၊ ကိုယ်ကျိုးဖက် နိုင်ငံရေးသမားတွေရဲ့ အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေးအပြောင်းအလဲတွေကြားမှာ ပဋိပက္ခများစွာဖြစ်ပွားမှု၊ အနောက်အုပ်စုမှ နိုင်ငံကြီးတချို့ရဲ့ ထိုးနှက်တိုက်ခိုက်မှု စတာတွေကို ခါးသီးစွာရင်ဆိုင်ခဲ့ရတဲ့ နိုင်ငံဖြစ်ပါတယ်။

ဒါပေမဲ့လည်း အခက်အခဲတွေကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပြီး အောင်မြင်မှုကိုရယူနိုင်စွမ်းရှိတဲ့ တရုတ်နိုင်ငံသားတွေရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်ကြောင့် အခုအချိန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှုမရှိသလောက် ပပျောက်၊ အစာရေစာငတ်ပြတ်မှုဆိုတာဝေးလို့ အကျင့်ပျက်ခြစားမှုဆိုတာ လုံးဝမရှိတော့ဘဲ အနောက်အုပ်စုမှတိုက်ခိုက်မှုတွေကိုလည်း တန်ပြန်ရင်ဆိုင်နိုင်စွမ်းရှိတဲ့ နိုင်ငံကြီးအဖြစ်ကို ရောက်ရှိလို့လာခဲ့ပါပြီ။

အခုဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်ခဲ့တာဟာ စိန်ရတုသို့တိုင်ခဲ့ပါပြီ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်း အဖိုးမဖြတ်နိုင်တဲ့ စိန်ကောင်းတစ်ပွင့်ကဲ့သို့ တောက်ပြောင်ဝင်းလက်လာပါပြီ။ ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ စိန်ရတုမှသည် ရတုအဆက်ဆက်ထိတိုင် ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းပေးလိုက်ရပါတယ်။ ။



## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းကိုင်မြို့ မိုင်းကိုင်-နမ့်လန်သွားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီး

**နေပြည်တော် အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့တွင် ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန်းလုံချောင်းရေမြင့်တက်လာပြီး မိုင်းကိုင်-နမ့်လန်သွားလမ်းပေါ်ရှိ တံတားအမှတ်(၃/၉၁) အလျားပေ ၃၆၀၊ အကျယ်ပေ ၃၀၊ ခံနိုင်ဝန်တန် ၆၀ ရှိ ဆားတောသံကူကွန်ကရစ်တံတားသည် မွန်းလွဲ ၂ နာရီတွင် တံတား၏ မြောက်ဘက်ခြမ်းရှိ ချဉ်းကပ်လမ်းအကျယ်ပေ ၃၀၊ အလျားပေ ၃၀ ရေတိုက်စား၍ ပြိုကျပျက်စီးခဲ့ပြီး ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု ရပ်တန့်ခဲ့ရကြောင်း သိရသည်။

အဆိုပါရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်းပျက်စီးခဲ့သည့် သံကူကွန်ကရစ်တံတားအား မိုင်းကိုင်မြို့နယ် လမ်း/တံတားဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အမြန်ဆုံးပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၅ | ၃၂၁၅ | ၃၁၉၀ | ၃၁၄၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၀ | ၃၁၉၅ | ၃၃၂၀ | ၃၃၅၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၅၀ | ၃၂၄၀ | ၃၂၅၅ | ၃၆၅၅ | ၄၆၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၉၅ | ၃၃၅၀ | ၃၄၇၅ | ၃၅၀၅ | ၃၃၆၀ | ၃၃၇၅ | ၃၄၀၅ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၀ | ၄၈၀၀ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၆၅ | ၂၆၄၀ | ၂၅၉၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၉၀ | ၂၆၄၅ | ၂၇၇၀ | ၂၈၀၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၆၉၀ | ၂၇၀၀ | ၃၁၀၅ | ၄၆၀၀ |
| HSD (50 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |
| HSD (10 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၇၃ | ၃၀၆၆ |
| 95 Ron | ၃၁၂၄ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၈ |
| HSD (50 ppm) | ၃၀၆၈ | ၃၁၅၉ |
| HSD (10 ppm) | ၃၀၆၈ | ၃၁၅၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❂ မိုးသည်းထန်စွာရွာသွန်းခြင်းမှ**

တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှ အောက်တိုဘာ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**○ မြန်မာ့လက်ရွေးစင်မှ**

ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ၌ကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ကိုင်တွယ်နေပြီး ပြည်တွင်းလိဂ်တွင် ခြေစွမ်းပြနေသူများဖြင့် ပဏာမလူစာရင်းကို ဖွဲ့စည်းမည်ဖြစ်သည်။ **ကိုညီလေး**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများကြံ့ခိုင်မှု ကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော်   အောက်တိုဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၁ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၁၅ ပေနှင့် ငလိုက်ရေလှောင်တမံတွင် သုည ဒသမ ၀၅ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ လျော့ကျလာလျက်ရှိသည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပါကြောင်းနှင့် စိုးရိမ်ရန် မရှိကြောင်း သိရသည်။

သတင်းစဉ်

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ-၁.၁၀.၂၀၂၄
(၆:၀၀)နာရီ

အကြောင်းအရာ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၂၈၁၈ | ၆၂၆.၅၄ | ၅၆၂၈၈၆ | ၁၈၆၉၁ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၁၅ | ၁၃၅၄၈၂ | ၀.၁၅ | ၆၂၆.၈၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၀၃ | ၆၂၄.၅၀ | ၂၅၈၉၅ | - | ၁၀.၅၀ | ၁၀၆၀၅ | - | - | - | ၆၂၄.၄၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၀ | ၅၁၈.၇၀ | ၈၈၂၂၁ | ၂၇၁ | ၁.၃၀ | ၃၅၄၉ | - | - | ၀.၀၂ | ၅၁၈.၇၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၂၀ | ၁၀၈၆၅ | ၇ | ၁.၈၀ | ၁၃၉၂ | - | - | ၀.၁၄ | ၅၁၀.၃၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၈၉ | ၄၃၇.၇၀ | ၆၉၁၀၀ | ၂၃ | ၁.၃၀ | ၃၉၀၀ | - | - | - | ၄၃၇.၆၅ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၇ | ၅၃၅.၀၅ | ၇၅၁၄၄ | - | - | - | ၀.၀၅ | ၂၇ | ၀.၄၀ | ၅၃၅.၁၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁၁ | ၄၁၆.၅၆ | ၇၉၀၅ | - | ၁.၄၄ | ၈၁၃ | - | - | ၀.၃၀ | ၄၁၆.၅၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၃ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၂၅ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၉ | ၈၆၄.၄၀ | ၁၀၆၄၅ | - | ၅.၆၀ | ၃၉၅၅ | - | - | - | ၈၆၄.၅၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၂၀ | ၆၇၄.၀၀ |

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ရေပိုလွှဲမှ ရေကျော်နေသည့် တမံများ၏အခြေအနေ(၁.၁၀.၂၀၂၄)ရက်နေ့ (၀၆:၀၀)နာရီ**

| စဉ် | ရေလှောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၃၀.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၁.၁၀.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော် အမြင့် (ပေ) | တမံထိပ် ရောက်ရှိ ရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၃.၄၀ | ၆၃.၃၀ | -၀.၁၀ | ၀.၃၀ | ၇.၇၀ | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ချင်းပြည်နယ်** | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၄.၅၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၀၀ | ၀.၅၀ | ၅.၀၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၀၀ | ၀.၁၀ | ၉.၁၅ | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ | ။ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၀၀ | ၀.၃၅ | ၉.၆၅ | - | - | - | ။ |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၉.၀၀ | ၄၈၈.၉၀ | -၀.၁၀ | ၁.၉၀ | ၉.၁၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၆ | ရာဇဂြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၂.၁၀ | ၆၄၁.၈၀ | -၀.၃၀ | ၁.၃၀ | ၁၈.၂၀ | ၆၅၃.၆၀ | ၁၃.၆၀ | ၃၁.၇.၂၀၁၅ | ။ |
| | | **ပဲခူးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၄၀ | ၂၂၀.၄၀ | ၀.၀၀ | ၀.၄၀ | ၉.၆၀ | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ | စိုးရိမ်ရန်မရှိပါ။ |

စာမျက်နှာ ၁၇ သို့ ☆

☆ စာမျက်နှာ ၁၆ မှ

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၁၀ | ၂၀၅.၁၀ | ၀.၀၀ | ၀.၁၀ | ၉.၉၀ | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ | စိုးရိမ်ရန်မရှိပါ။ |
| ၉ | ငမြေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၂၀ | -၀.၁၀ | ၀.၂၀ | ၈.၈၀ | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ | ။ |
| ၁၀ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၁၀ | ၁၅၆.၁၀ | ၀.၀၀ | ၀.၁၀ | ၇.၉၀ | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ | ။ |
| ၁၁ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၆၀ | ၂၀၂.၄၄ | -၀.၁၆ | ၀.၉၉ | ၁၈.၇၀ | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ | ။ |
| ၁၂ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၂၀ | ၁၉၄.၁၅ | -၀.၀၅ | ၁.၁၅ | ၉.၃၅ | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၁၃ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၇.၀၀ | ၂၅၆.၉၅ | -၀.၀၅ | ၁.၉၅ | ၁၃.၀၅ | ၂၅၈.၇၅ | ၁.၇၅ | ၂၂.၈.၂၀၀၆ | ။ |
| ၁၄ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၅.၆၀ | ၂၆၅.၄၀ | -၀.၂၀ | ၀.၄၀ | ၁၄.၆၀ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ | ။ |
| ၁၅ | သဲကော | သာယာဝတီ/<br>လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၁.၄၀ | ၁၅၁.၃၀ | -၀.၁၀ | ၁.၃၀ | ၈.၇၀ | ၁၅၃.၁၅ | ၁.၁၅ | ၁၁.၉.၂၀၁၉ | ။ |
| ၁၆ | သုံးဆယ် | သာယာဝတီ/<br>သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၅.၉၀ | ၂၃၅.၇၅ | -၀.၁၅ | ၁.၇၅ | ၁၀.၂၅ | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ | ။ |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၁၇ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၄.၀၀ | ၆၈၃.၇၀ | -၀.၃၀ | ၀.၇၀ | ၂၂.၈၀ | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၁၈ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၁.၇၀ | ၁၀၁၁.၆၀ | -၀.၁၀ | ၁.၆၀ | ၁၈.၄၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၂၁ | ။ |
| ၁၉ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၁.၄၀ | ၇၆၁.၁၀ | -၀.၃၀ | ၁.၁၀ | ၁၈.၉၀ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ | ။ |
| ၂၀ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၄.၁၀ | ၅၂၃.၇၀ | -၀.၄၀ | ၃.၇၀ | ၃၆.၃၀ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၁ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၀၀ | ၆၂၅.၉၀ | -၀.၁၀ | ၀.၉၀ | ၁၄.၁၀ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ | ။ |
| ၂၂ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၅.၅၀ | ၃၄၅.၀၀ | -၀.၅၀ | ၅.၀၀ | ၃၅.၅၀ | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၃ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၀.၈၀ | ၄၂၀.၇၀ | -၀.၁၀ | ၀.၇၀ | ၁၇.၃၀ | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၂၄ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၄.၅၀ | ၄၃၄.၂၀ | -၀.၃၀ | ၀.၂၀ | ၁၆.၈၀ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ | ။ |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၂၅ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၂၀ | ၈၄၀.၁၀ | -၀.၁၀ | ၀.၁၀ | ၇.၄၀ | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ | စိုးရိမ်ရန်မရှိပါ။ |
| ၂၆ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၇၉၇.၀၀ | ၇၈၈.၁၀ | ၇၈၈.၁၀ | ၀.၀၀ | ၀.၁၀ | ၈.၉၀ | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ | တမံထိပ်ရေကျော်<br>ခဲ့သော်လည်း ထိခိုက်မှုမရှိပါ။ |
| ၂၇ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၁၀ | ၇၂၂.၁၀ | ၀.၀၀ | ၀.၁၀ | ၁၂.၉၀ | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ | စိုးရိမ်ရန်မရှိပါ။ |
| | | **နေပြည်တော်** | | | | | | | | | | | |
| ၂၈ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၆.၈၆ | ၆၂၆.၅၄ | -၀.၃၂ | ၃.၁၅ | ၃၉.၅၀ | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ | စိုးရိမ်ရန်မရှိပါ။ |
| ၂၉ | ငလိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၁၀ | ၅၃၅.၀၅ | -၀.၀၅ | ၀.၀၅ | ၁၉.၉၅ | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ | ။ |
| | | **မွန်ပြည်နယ်** | | | | | | | | | | | |
| ၃၀ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၆၀ | ၉၆.၈၅ | ၀.၂၅ | ၀.၈၅ | ၈.၆၅ | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၁ | ကဇိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၃၀ | ၅၈.၃၅ | ၀.၀၅ | ၀.၃၅ | ၉.၆၅ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ | ။ |
| | | **ရခိုင်ပြည်နယ်** | | | | | | | | | | | |
| ၃၂ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၀.၀၀ | ၁.၄၀ | ၈.၆၀ | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ | စိုးရိမ်ရန်မရှိပါ။ |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | | | | | | |
| ၃၃ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၆.၈၅ | ၂၁၆.၆၅ | -၀.၂၀ | ၀.၆၅ | ၉.၃၅ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၃၄ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၈.၉၅ | ၁၀၈.၇၅ | -၀.၂၀ | ၁.၇၅ | ၁၁.၂၅ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ | ။ |
| ၃၅ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၁၅ | ၁၉၅.၇၀ | -၀.၄၅ | ၀.၇၀ | ၉.၃၀ | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၃၆ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၂၁၂၅.၀၀ | ၂၁၄၀.၀၀ | ၂၁၂၇.၄၀ | ၂၁၂၇.၂၀ | -၀.၂၀ | ၂.၂၀ | ၁၂.၈၀ | ၂၁၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ | စိုးရိမ်ရန်မရှိပါ။ |
| ၃၇ | မြို့ကြီး | တောင်ကြီး/ရှာင် | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၁.၉၀ | ၆၉၁.၇၀ | -၀.၂၀ | ၂.၇၀ | ၂၂.၃၀ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ | ။ |
| | | **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | | | | | | | | | | | |
| ၃၈ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၀၀ | ၀.၅၀ | ၁၃.၅၀ | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | | | | | | |
| ၃၉ | ကွန်ချောင်း | ဟင်္သာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၇.၇၀ | ၂၇၇.၆၀ | -၀.၁၀ | ၀.၆၀ | ၉.၄၀ | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၀ | မမြ | ဟင်္သာတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၆.၂၀ | ၃၁၅.၉၀ | -၀.၃၀ | ၀.၉၀ | ၁၄.၁၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ | ။ |
| ၄၁ | နန်ကသူ | ဟင်္သာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၀.၉၀ | ၂၆၀.၆၀ | -၀.၃၀ | ၀.၆၀ | ၁၄.၄၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ | ။ |
| ၄၂ | ကညင် | ဟင်္သာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၈၉.၇၀ | ၂၈၉.၆၀ | -၀.၁၀ | ၁.၆၀ | ၁၈.၄၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၁ | အင်းလေးကန် | တောင်ကြီး/ညောင်ရွှေ | ၂၉၀၅.၀၀ | ၂၉၀၅.၀၀ | ၂၉၀၆.၄၀ | ၂၉၀၆.၈၀ | ၀.၄၀ | ၁.၈၀ | -၁.၈၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |

ရေကျော်ရေလှောင်တမံ(၄၂)ခုနှင့် ကန်(၁)ခု၊ စုစုပေါင်း (၄၃)ခု ဖြစ်ပါသည်။

ယခင်နေ့ နံနက် (၀၆:၀၀) နာရီ၏ ရေကျော်ရေလှောင်တမံ (၄၄)ခုထက် ဝန်ချောင်း(ကဇွန်းမ)နှင့် ကျောက်တစ်လုံးရေလှောင်တမံ (၂)ခု လျော့နည်းခြင်းဖြစ်ပါသည်။

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ စတင်ကောက်ယူ



နတ်တလင်းမြို့နယ် နတ်တလင်း(ပြန်/ဆက်)



မိုးညိုမြို့နယ် ကိုမင်း(ပြန်/ဆက်)



ပုလောမြို့နယ် အေးအေးမော်(ပုလော)



ကော့သောင်းမြို့နယ် ခရိုင်(ပြန်/ဆက်)



ကျောင်းကုန်းမြို့နယ် ဝင်းကြိုင်(ပြန်/ဆက်)



မင်းလှမြို့နယ် မြို့နယ်(ပြန်/ဆက်)



အိမ်မဲမြို့နယ် ချစ်သက်လယ်



ပြည်မြို့နယ် ကိုဆက်(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ် မြို့နယ်(ပြန်/ဆက်)



သထုံမြို့နယ် ခရိုင်(ပြန်/ဆက်)



ဘီးလင်းမြို့နယ် မြို့နယ်(ပြန်/ဆက်)



ရွှေပြည်သာမြို့နယ် မြို့နယ်(ပြန်/ဆက်)



အင်းစိန်မြို့နယ် မြို့နယ်(ပြန်/ဆက်)



သုံးခွမြို့နယ် စည်သူလင်း(ပြန်/ဆက်)



အုတ်ဖိုမြို့နယ် အောင်သူ(အုတ်ဖို)

# မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်-ပဲခူး လမ်းပိုင်း၌ ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် အမှတ်(၁၅)အဆန်/(၁၆)အစုန် လူစီးရထား စတင်ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့်အတူ စပိန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန်-ပဲခူးခရီးစဉ် အမှတ် (၁၅)အဆန်နှင့် ပဲခူး-ရန်ကုန်ခရီးစဉ် အမှတ်(၁၆) အစုန် လူစီးရထားများ စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်ဘူတာကြီး၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှဝန်ထမ်းများနှင့် ရထားစီးခရီးသွားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဒုတိယဝန်ကြီး ဦးအောင်မြိုင်တို့က အမှာစကားပြောကြားကြပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့်အတူ ရထားတွဲဆိုင်းအသစ်များ အသုံးပြု၍ ရန်ကုန်-ပဲခူး ခရီးစဉ်အဖြစ် အမှတ်(၁၅)အဆန်/ အမှတ်(၁၆)အစုန်အား စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံမှ ယနေ့ စတင်ပြေးဆွဲထွက်ခွာသည့် အမှတ်(၁၅)အဆန် ရန်ကုန်-ပဲခူးခရီးစဉ် DEMU ရထားတွဲဆိုင်းအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လိုက်ပါစီးနင်းကြမည့် ရထားစီးခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ ရန်ကုန်ဘူတာကြီးမှ စတင်ပြေးဆွဲထွက်ခွာသည့် အမှတ်(၁၅)အဆန် DEMU ရထားဖြင့် စီးနင်းလိုက်ပါ ကြည့်ရှုစစ်ဆေးကြသည်။

ယခင်က ရန်ကုန်-ပဲခူး ခရီးစဉ်အဖြစ် ပြေးဆွဲပေးလျက်ရှိသော အမှတ်(၁၃)အဆန်/ အမှတ်(၁၄) အစုန် RBE ရထားခရီးစဉ်ကို ယာယီရပ်ဆိုင်း၍ ၎င်း RBE ရထားခရီးစဉ် အချိန်စာရင်းအတိုင်း ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ အသုံးပြု၍ အမှတ်(၁၅) အဆန်/ အမှတ်(၁၆)အစုန် DEMU ရထားအဖြစ် ပြောင်းလဲပြေးဆွဲသွားရန် စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမှတ်(၁၆)အစုန် ပဲခူး-ရန်ကုန် DEMU ရထားသည် ပဲခူးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ် (၁၅) အဆန် ရန်ကုန်-ပဲခူး DEMU ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ ပဲခူးဘူတာသို့ ညနေ ၇ နာရီ ၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

လမ်းခရီးတွင် ပုဇွန်တောင်၊ မလွှကုန်း၊ သဃ်န်းကျွန်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေးဒေါင့်ကန်၊ ဒါးပိန်၊ ကော့ချဲ၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝ၊ ဘုရားသုံးဆူ စုစုပေါင်း ၁၂ ဘူတာတို့တွင် ရပ်တန့်ပေးသွားမည်ဖြစ်သည်။ ယင်း DEMU ရထားတွဲဆိုင်းတွင် ခရီးသည် ရပ်စီး/ထိုင်စီး စုစုပေါင်း ၈၃၂ ဦး စီးနင်းလိုက်ပါနိုင်ပြီး ခရီးသွားလက်မှတ်ခအနေဖြင့် ခရီးစဉ် အစမှအဆုံးထိ တစ်ဦးလျှင် ငွေကျပ် ၂၅၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ် ၁၃၀၀ နှုန်း သတ်မှတ်ထားပြီး ၎င်းရထားခရီးစဉ်ကို အောက်တိုဘာ ၂ ရက်မှစ၍ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြား

**နေပြည်တော် အောက်တိုဘာ ၁**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မိုင်းမောမြို့တွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ သင်တန်းတာဝန်ခံ အရာရှိများ၊ သင်တန်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ်အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံ စစ်ပညာသင်တန်းနှင့် ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ကို အသီးသီးဖွင့်လှစ်ခဲ့ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကောလင်းမြို့နယ် ဥက္ကံကျေးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ပြည်သူခုနစ်ဦးသေဆုံးကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဥက္ကံကျေးရွာ အရှေ့အိုင်ကြီးလမ်းခွဲနေရာကို လေကြောင်းဖြင့် ဗုံးကြဲချတိုက်ခိုက်ခဲ့ရာ ပြည်သူအချို့သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**သတင်းမှားသာဖြစ်**

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးနှင့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ သတင်းမှားသာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကြောင့် အားပေးထောက်ခံမှုမရှိတော့သည့် ကျေးရွာများအား အကြမ်းဖက်သမားများက အကြောက်တရားများ လွှမ်းမိုးလာစေရန် လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း၊ ထိုသို့လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား တပ်မတော်က ထိရောက်စွာ တိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်းနှင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်နှင့် ပြည်သူအကြား သပ်လျှိုသွေးခွဲရန်နှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် ယခုကဲ့သို့ မဟုတ်မမှန်သည့် သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ပြင်ဆင်ဖတ်ရှုပါရန်

(၁-၁၀-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ-၂၇တွင် ဒေါ်နှင်းသီတာဖြိုး (တရားလွှတ်တော်ရှေ့နေ)မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်တွင် **ဒေါ်နှင်းယုလှိုင်[၁၂/မရက(နိုင်)၁၆၇၁၁၂] အစား ဒေါ်နှင်းမိုးလှိုင်[၁၂/မရက (နိုင်)၁၆၇၁၁၂]** ဟု ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဝေလင်းမောင်[၁၄/ဘကလ(နိုင်)၂၂၄၉၆၈] ကိုင်ဆောင်သူနှင့် ဒေါ်တည်ကြည်သန့်[၁၄/ဝခမ (နိုင်)၂၂၄၁၁၇]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ဆက်လက်အတူနေထိုင်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါ၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ( ၁၁-၁၁-၂၀၂၃ )ရက်နေ့ကတည်းက ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်တည်ကြည်သန့်သည် သက်ဆိုင်ခြင်းမရှိပါတော့သဖြင့် ၎င်းနှင့်ပတ်သက်သော မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေအပ်ပါသည်။ ထို့အပြင် ကျွန်ုပ်၏မိတ်ဆွေနှင့် မိသားစုဝင်များအား ခြိမ်းခြောက်ခြင်း၊ အန္တရာယ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ Facebook ဆိုရှယ်မီဒီယာ၊ Online နှင့် လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်း၌ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန် ရေးသားခြင်း၊ ပြောဆိုခြင်းမပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ ထိုသို့ ပြုလုပ်လာခဲ့ပါက မည်သူကိုမဆို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေလင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကြည်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၇၃)**
**အမှတ်-၁၂/မြေညီ၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၅၁၇၁**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းပေတရာကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၈၃V5 တပ်ကြီးကုန်းကွင်း၊ ဦးပိုင်အမှတ်(၁၂၉)၊ (အလျား ၅၀'× အနံ ၁၁၅')ပေ၊ ဧရိယာ(၀.၁၃၂)ဧကရှိ ဒေါ်မြမြသောင်း (၁၂/မဘန(နိုင်)၀၂၅၈၈၃)အမည်ပေါက် (၁၀)နှစ်ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ရွာသစ်ပိုင်းရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၆၃-ခ)ဟုခေါ်တွင်သည့် နေအိမ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြမြသောင်း(ဘ)ဦးကျော်ဆန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်လှမွန်မွန်မြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၈၆)**
တိုက်(၉/၁၁)၊အခန်း(၀၀၄)၊မြေညီထပ်၊၃၆-လမ်း(တို)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၈၅၂၀၇၊ ၀၉-၉၆၅၀၈၅၂၀၇၊

## "ဒေါ်ခင်သီတာအေး [၁၀/မလမ(နိုင်)၁၆၁၀၇၄] ပါ(၄)ဦးနှင့် တရားလွှတ်တော်ရှေ့နေ ဦးကျော်ဝင်းဦးတို့၏ (၂၀-၉-၂၀၂၄)ရက်နေ့ ကြော်ငြာနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းခြင်းနှင့် အများသိစေရန်"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းအောင်လေး [၁၀/မလမ(နိုင်)၁၅၈၉၁၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ဖြေရှင်းလင်းတင်ပြအပ်ပါသည်-

၁။ ဦးဝင်းအောင်လေးနှင့် ဒေါ်သီတာအေးတို့ ဖြစ်ပွားခဲ့သော ကျောက်တံတားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၁/၂၀၂၃၏ ပြေငြိမ်းဒီကရီတွင် ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၁၇၃၊ ပထမထပ်(ယာ) တိုက်ခန်းနှင့်ပတ်သက်၍ (၂၃-၂-၂၀၂၄) ရက်စွဲပါအမိန့်တွင် ထိုအခန်းကို ဦးဝင်းအောင်လေးက သားသမီး(၃)ဦးတို့အတွက် ရည်ရွယ်၍ အမွေပစ္စည်းအဖြစ် အပြီးအပိုင်ပေးအပ်ရန်ဟု ဖော်ပြပါရှိပါသည်။

၂။ ထိုအခန်းနှင့်ပတ်သက်ပြီး (၂၀-၅-၂၀၂၄)ရက်နေ့ကလည်း ဒေါ်သီတာအုန်း၊ တရားလွှတ်တော်ရှေ့နေက အများသိစေရန်အသိပေးကြော်ငြာဖြင့် အရောင်းအဝယ်ပြုလုပ်ရန် ကြော်ငြာခဲ့သည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေက (၂၄-၅-၂၀၂၄)ရက်နေ့တွင် ကန့်ကွက်ကြော်ငြာ ထည့်သွင်းခဲ့ပါသည်။ ထပ်မံပြီး (၃၀-၅-၂၀၂၄) ရက်စွဲဖြင့် ဒေါ်နော်စေးလာမိုး၊ တရားလွှတ်တော်ရှေ့နေက ပြန်လည်ရှင်းလင်းကြော်ငြာကိုထည့်သွင်းခဲ့ပါသည်။ ဦးဝင်းအောင်လေးက တရားလွှတ်တော်ရှေ့နေ ဒေါ်နန်းကြည်မေဖြင့်(၄-၆-၂၀၂၄)ရက်နေ့က အကျိုးအကြောင်းပြည့်စုံစွာဖြင့် ရှင်းလင်းကြော်ငြာထားပြီးဖြစ်ပါလျက် ယခုတစ်ဖန် တရားလွှတ်တော်ရှေ့နေ ဦးကျော်ဝင်းဦးက ဒေါ်ခင်သီတာအေးပါ(၄)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရဟုဆိုကာ တရားရုံးအမိန့်တွင် မပါရှိသောဖြည့်စွက်ကြော်ငြာဖြင့် ထိုအခန်းကို ရောင်းချမည်ဟုလည်းကောင်း၊ ထိုအခန်းကို ဦးဝင်းအောင်လေးက ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်မရှိတော့ကြောင်း၊ ဦးဝင်းအောင်လေးအနေဖြင့် ကန့်ကွက်ရန်အခွင့်အရေးတစ်စုံတစ်ရာမရှိတော့ကြောင်း၊ ဒေါ်ခင်သီတာအေးတစ်ဦးတည်းက သားသမီးများကိုယ်စား သားသမီးများ၏ ခွင့်ပြုချက်အရ စရန်ပေးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်ဟုလည်းကောင်း၊ ကိုခန့်ထွဋ်ကျော်၊ မလရောင်ဝင်းလက်၊ မထက်မဒီအောင် (၎င်းကိုယ်စား မိခင်ဖြစ်သူ ဒေါ်ခင်သီတာအေး) တို့က ထိုအခန်းကို ပိုင်ဆိုင်သည်ဟုဆိုပြီး ကိုဝင်းအောင်လေးက ပိုင်ရေးဆိုင်ခွင့်အကျိုးသက်ဆိုင်ခွင့်မရှိဟု တရားရုံးအမိန့်နှင့်ဆန့်ကျင်ကာ ရောင်းချမည်ဟု ကြော်ငြာခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းအဆင့်ဆင့်နှင့် ညီညွတ်အောင်ဆောင်ရွက်ထားခြင်းမရှိသလို တရားမကြီးမှုအမှတ်-၆၁/၂၀၂၃၏ အမိန့်တွင် မပါရှိသည်များကို ပါရှိသယောင်ယောင် ဖြည့်စွက်ရေးသားခြင်းသည် တရားရုံးအမိန့်နှင့် ဆန့်ကျင်ကာ တရားရုံးအား မထီမဲ့မြင်ပြုရာရောက်လျက်ရှိကြောင်း သိရှိရပါသည်။

၃။ ကျောက်တံတားခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၆၁/၂၀၂၃၏ (၂၃-၂-၂၀၂၄) ရက်စွဲပါ ပြေငြိမ်းဒီကရီတွင် ချမှတ်သောအမိန့်အပိုဒ်(၂)တွင် ထိုအခန်းကို သားသမီး(၃)ဦးအတွက် ရည်ရွယ်၍ ဦးဝင်းအောင်လေးမှ အမွေပစ္စည်းအဖြစ် အပြီးအပိုင်ပေးအပ်ရန်ဟုသာ ဖော်ပြပါရှိပါသည်။ ဦးဝင်းအောင်လေးသည် သက်ရှိထင်ရှားရှိနေသည့်အတွက် သားသမီး(၃)ဦးသည် ထိုအခန်းကို အမွေပစ္စည်းအဖြစ် ရရှိမည်မဟုတ်သေးပါ။ ထိုပစ္စည်းကို ဦးဝင်းအောင်လေးထံမှ လက်ထိလက်ရောက်ပေးကမ်းခြင်း (သို့မဟုတ်) တရားရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားရုံး၌ လိုအပ်သလို လျှောက်ထားဆောင်ရွက်ပြီးမှသာ သားသမီး(၃)ဦးအနေဖြင့် ထိုပစ္စည်းကို ပိုင်ဆိုင်ခွင့်အခွင့်အရေးရရှိမည်ဖြစ်ရာ ယခုကဲ့သို့ ဥပဒေနှင့် မညီသောနည်းလမ်းဖြင့် ရောင်းချနိုင်ခွင့်မရှိပါ။ သို့ဖြစ်ပါ၍ လူကြီးမင်းများအနေဖြင့် အဆိုပါ ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၁၇၃၊ ပထမထပ်(ယာ) တိုက်ခန်းကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း တစ်နည်းနည်းဖြင့်ပြုလုပ်လာပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် မလွှဲမရှောင်သာတော့ဘဲ ဥပဒေဘောင်အတွင်းမှ အရေးယူ တားမြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူအားလုံးကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထည့်သွင်းတရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်ခင်သီတာအေးပါ(၄)နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြော်ငြာလိုက်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝင်းအောင်လေး** | **ဒေါ်နန်းကြည်မေ (LL.B, LL.M)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၇၃၂၁(၈-၂-၂၀၀၅)** |
| | **အမှတ်-၁၁၂(မြေညီ)၊ ပတ္တမြားလမ်း၊** |
| | **(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။** |
| | **ဖုန်း-၀၉-၄၄၀၇၁၉၀၉၇** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၊မြေကွက်အမှတ်-၂၄၇၊ မြေကွက်တည်နေရာအမှတ်(၂၄၇)၊(၁၁)လမ်း၊(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်ခင်လင်းလင်းထွန်း(၁၂/ဥကတ(နိုင်)၁၄၉၂၂၈)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်-ဒေါ်ခင်လင်းလင်းထွန်းမှဂရန်၊နိုင်/ကတ်၊ဝန်ဆောင်ခတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာပါသည်။မြေစာရင်းမှတ်ချက်(၂)ရှိ(၂၀၂၄)ခုနှစ်အရောင်းမြေပုံကူးခဲ့ခြင်းနှင့်ပတ်သက်၍(၁၄-၃-၂၀၂၄)ရက်နေ့တွင်အရောင်းမြေပုံမှာထုတ်ယူခဲ့ပြီးအဆိုပါအရောင်းမြေပုံမူရင်းမှာမိမိလက်ဝယ်တွင်အထားအသိုမှားယွင်းကာပျောက်ဆုံးသွားသဖြင့်ယင်းမြေကွက်အားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊လျှဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းမရှိကြောင်းနှင့်အရှုပ်အရှင်းပြဿနာတစ်စုံတရာပေါ်ပေါက်လာပါကတာဝန်ယူကြောင်း(၂၈၅၉/၂၀၂၄(၂၀-၉-၂၀၂၄)ကျမ်းကျိန်လွှာတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ အမှတ်(၂၉)၊ တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇ဘီ)၊ မြေကွက်အမှတ်(၃၅အမ်/၁)၊ မြေအမျိုးအစား-မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်ကြူကြူ[၁၂/စခန(နိုင်)၀၂၇၈၀၄]မှ အရောင်းအဝယ်စာချုပ်-၁၄၇၅/၆၃(၂၀-၉-၆၃)၊ အမည်ပေါက် ဆက်စပ်အရောင်းအဝယ်စာချုပ်-၁၂၆/၅၉(၃၀-၁-၅၉)၊ အမှားပြင်စာချုပ်-၄၀၄/၆၇(၂၄-၄-၆၇)၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာပါသည်။ ယင်းမြေနှင့်ပတ်သက်၍ ဒေါ်လွင်လွင်ဝေဆိုသူမှ(၁၉၉၃)ခုနှစ်တွင် အမည်ပြောင်းလျှောက်ထားခဲ့ကြောင်း မှတ်ချက်ပါရှိနေခြင်းနှင့်ပတ်သက်၍ ဒေါ်လွင်လွင်ဝေဆိုသူအား မိမိမသိရှိပါသဖြင့် အမည်ပြောင်း လျှောက်ထားခြင်းကို လည်းမသိရှိပါကြောင်း၊ ယင်းမြေနှင့်ပတ်သက်၍ (၁၉၉၁)ခုနှစ်တွင်အဝီစိတွင်းတူးရန် မြေပုံမြေရာဇဝင် ကိုသာလျှောက်ထားခဲ့ပြီး ဌာနသို့ မြေပုံမူရင်း ပြန်လည်ပေးအပ်နှံထားကြောင်း၊ ဒေါ်ကြူကြူအမည်ဖြင့် (၁)ဦးတည်းသာလျှင် အမည်ပေါက်ထားပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ မြေကွက်အား သူတစ်ပါးအား လွှဲပြောင်းရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်း၊ သူတစ်ပါးအတွက် အာမခံတင်သွင်းထားခြင်း အစရှိသည်တို့မှ ကင်းရှင်းကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်း ပေးမည်ဖြစ်ကြောင်း ဒေါ်ကြူကြူက အလုံခရိုင်တရားရုံးတွင်ကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၃၂၅၂/၂၀၂၄ (၂၇-၈-၂၀၂၄) ဖြင့် တင်ပြလာသဖြင့် ဒေါ်ကြူကြူ၏ အရောင်းမြေပုံကူးလျှောက်ထား ခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ (၈)ရပ်ကွက်၊ သစ္စာ(၁)လမ်း၊ မြေကွက်အမှတ်(၁၆၅/ခ)ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ရွှေအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးတင့် [၁၂/အစန(နိုင်)၀၅၈၇၁၅]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းလွင် [၁၂/မဂတ(နိုင်)၀၀၁၉၆၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၅၂၆၊ မြေကွက်တည်နေရာအမှတ်- ၅၂၆၊ ထွန်းသီရိ-၁လမ်း၊ (၃၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးမြတ်ကျော် (CJ-၀၀၇၈၁၅) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတော်၊ တရားမကြီးမှု အမှတ်-၆၀/၂၀၂၃ ဖြင့် ဒေါ်မွန်မွန်အောင်နှင့် ဒေါ်ကေသီမိုးတို့မှ (တရားလို)ပြု၍ ဦးမြတ်ကျော်အပေါ် (တရားပြိုင်) ထားကာ "ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" ဖြင့်စွဲဆိုခဲ့ရာစရိတ်နှင့် တကွ အနိုင်ဒီကရီ ချမှတ်သည့် (၁၈-၈-၂၀၂၃)ရက်စွဲပါ စီရင်ချက် နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၆၄/၂၀၂၃၏ နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၂၈-၈-၂၀၂၃) ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀) မြေငှား စာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လှဲ့လှဲ့ခိုင်မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင် လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊မြေကွက်အမှတ်၃၁၄၊မြေကွက်တည်နေရာအမှတ်(၃၁၄)၊ငမိုးရိပ်(၇)လမ်း၊ငမိုးရိပ်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ဦးသိန်းဝင်း(၁၂/သဃက(နိုင်)၀၄၈၉၁၈)၊ဒေါ်သန်းကြည်(၁၂/သဃက(နိုင်)၀၄၉၈၂၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူဒေါ်သန်းကြည်(မိခင်)သည်(၂၂-၁၁-၂၀၀၇)ရက်နေ့တွင်လည်းကောင်း၊ဦးမြင့်ဆွေ(ဖခင်)သည်(၂၆-၆-၁၉၈၁)ရက်နေ့တွင်လည်းအသီးသီးကွယ်လွန်သဖြင့်၎င်းတို့၏အစုအတွက်ဒေါ်ဌေးဌေးဝင်း(၁၂/သဃက(နိုင်)၀၄၉၆၈၉)ကတရားဝင်အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသောသမီးဖြစ်ကြောင်း၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်းတရားရုံးကျမ်းကျိန်လွှာအမှတ်(၂၇၅/၂၀၂၄)(၄-၃-၂၀၂၄)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်မူရင်း၊သေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ကျန်အမည်ပေါက်တစ်ဦးဖြစ်သူဦးသိန်းဝင်းနှင့်ပူးတွဲ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁ ၊ မြေကွက်အမှတ်(၁၅၈)၊ မြေကွက်တည်နေရာ-အမှတ်(၁၅၈)၊ ရွှေပြည်စိုးလမ်း၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးစောဘင်ဆင်(AF-၀၄၀၃၆၂)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစောဘင်ဆင် (ဖခင်)သည် (၆-၅-၂၀၂၃) နှင့် (မိခင်)ဒေါ်နော်မကြူသည် (၂-၅-၂၀၂၄)နေ့တို့တွင် ကွယ်လွန်ခဲ့ကြပြီး ၎င်းတို့တွင် သား(၂)ဦး မွေးဖွားခဲ့ပြီး သားအငယ်ဖြစ်သူ ဦးစောမိုးသွင်သည် (လူပျိုကြီးဘဝဖြင့်) (၁၀-၁၀-၂၀၀၃) ကွယ်လွန်ခဲ့ကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ကျန်သားတစ်ဦးဖြစ်သူ ဦးစောဩဂတ်စတင်း [၁၂/ထတပ(နိုင်)၀၃၈၇၅၈]မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၁)ထပ်အုတ်ညှပ်(၁)လုံးတွင် ကိုယ်တိုင်နေထိုင်ပြီး (၂)ထပ် အုတ်ခံတစ်လုံးတွင် အိမ်ငှားထားရှိပါသည်။ လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်းနှင့် ဦးထွန်းလင်းအား အိမ်ငှားထားရှိကြောင်း လက်မှတ်ရေးထိုးပေးပြီး အိမ်ငှားနေထိုင်သူ ဦးထွန်းလင်းမှလည်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးစောဩဂတ်စတင်းမှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၆၇) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

က - ၆၇၁၈၄၀

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

စ - ၁၀၈၃၅၇

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဂ - ३၅၅၅၂२

